# ၂၀၂၀ ပြည့်နှစ်၊ ဖွန်လ (၅) ရက်နေ့၌ Video Conferencing ဖြင့် ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးမှတ်တမ်း

## (၁) ရည်ရွယ်ချက်

(၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအား COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဖွန်လ (၅) ရက်နေ့တွင် Online မှတစ်ဆင့် Video Conferencing ဖြင့်ကျင်းပခဲ့ပါသည်။ (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည် -

- ပဥ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၊ တတိယ အကြိမ်နှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍ အစီရင်ခံစာ ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ တင်ပြရန်၊
- ထွက်ရှိပြီးဖြစ်သော ပထမအကြိမ်မှ ပဥ္စမအကြိမ် MEITI အစီရင်ခံစာများအား နှိုင်းယှဥ်ချက်ပြုစုရန်ကိစ္စအား ဆွေးနွေးရန်၊
- Commodity Trading Report နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန်၊
- (၆) ကြိမ်မြောက်အစီရင်ခံစာ (Uniliteral) ထုတ်ပြန်မှု၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာ ထုတ်ပြန်မှု နှင့်ပတ်သက်၍ IA ToR ပြင်ဆင်ခြင်း၊ ဘဏ္ဍာငွေဆိုင်ရာ လိုအပ်ချက်၊ Timeline နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန်၊
- MEITI Work Plan and Budget (3.5 million), MEITI Long Term Work Plan နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်အချို့အတွက် ဖွံ့ဖြိုးရေးမိတ်ဘက် အဖွဲ့အစည်းများမှ ဘဏ္ဍာငွေထောက်ပံ့ထားမှု အခြေအနေ၊ MDTF ပြင်ပအခြား Development Partner များမှ ဘဏ္ဍာငွေ ထောက်ပံ့ရယူခြင်း အတွက် Procurement Procedure များအား ဆွေးနွေးတင်ပြရန်၊
- NCS နှင့်ပတ်သက်သည့် စာရင်းစစ်အစီရင်ခံစာနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများအား တင်ပြရန်၊
- ပုလဲကဏ္ဍမှ မြန်မာတာဆာကီကုမ္ပဏီ၏ လုပ်ဆောင်နေမှုများ နှင့်ပတ်သက်၍ ဆွေးနွေးရန်၊
- Validation လုပ်ငန်းစဥ်နှင့်ပတ်သက်သော Corrective Action (၁၂) ချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအား ဆွေးနွေးရန်၊
- Contract Transparency လုပ်ငန်းစဥ်ဆောင်ရွက်မှုနှင့် ပတ်သက်သည့်အခြေနေများအား တင်ပြရန်၊
- ဒုတိယအကြိမ် BO အချက်အလက်များ ဖွင့်ဟဖော်ထုတ်ခြင်း၊ BO Phase II Web Developer ကိစ္စရပ်တို့နှင့် ပတ်သက်၍ ဆောင်ရွက်လျက် ရှိသော လုပ်ငန်းစဥ် များအား တင်ပြရန်၊
- Organizational Structure Development Consultant ငှားရမ်းမှုနှင့်ပတ်သက်၍တင်ပြရန်၊
- Mining Cadastere လုပ်ငန်းစဥ်နောက်ဆုံးအခြေအနေအား တင်ပြရန်၊

- ဖွဲ့စည်းပြီးဖြစ်သော SNU (၆) ခုမှ နာယကများက လုပ်ငန်းစဉ် ဆောင်ရွက်ချက်အနှစ်ချုပ်များ အား တင်ပြရန်နှင့်
- အထွေထွေကိစ္စရပ်များအား ဆွေးနွေးရန်

အစည်းအဝေးအစီအစဉ်အား နောက်ဆက်တွဲ (၁) တွင် ပူးတွဲဖော်ပြထားပါသည်။

## (၂) အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သုံးပွင့်ဆိုင်ညွှန့် ပေါင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ မန္တလေးတိုင်း SNU နာယက မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ရှမ်းပြည်နယ် SNU နာယက ရှမ်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အစိုးရ၊ လုပ်ငန်းရှင်နှင့်အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်များ၊ ကချင်ပြည်နယ် SNU ၊ တနင်္သာရီတိုင်း SNU နှင့် စစ်ကိုင်း တိုင်းဒေသကြီး SNU တို့မှ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ MOBD နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လေ့လာသူများ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ စသဖြင့် စုစုပေါင်း ၇၅ ဦး (ကျား - ၄၅ ဦး ၊ မ - ၃၀ ဦး) တက်ရောက် ခဲ့ကြသည်။ တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၂) တွင် ပူးတွဲဖော်ပြထားပါသည်။

## (၃) မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကား ပြောကြားခြင်း

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားရာ၌ COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ကြိုးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး အနေဖြင့် ဧပြီလနှင့်မေလအတွင်း၌ Work From Home ပုံစံဖြင့်လုပ်ငန်းများ အဆက်မပြတ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ Donor Consultation Group အစည်းအဝေး၊ BO Task Force နှင့်အခြားလုပ်ငန်းခွဲကော်မတီ အစည်းအဝေးများအား video conferencing ဖြင့်ကျင်းပခဲ့ ကြောင်း၊ ယနေ့အစည်းအဝေး၌ ပဉ္စမအကြိမ် MEITI အစီရင်ခံစာ၊ တတိယနှင့်စတုတ္ထအကြိမ် သစ်တောကဏ္ဍ အစီရင်ခံစာများအား အနှစ်ချုပ်တင်ပြမည်ဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ကျောက်မျက် ကျောက်စိမ်း၊ သတ္တုနှင့်ပုလဲကဏ္ဍတို့အား လွှမ်းခြုံသည့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ် ပဉ္စမအကြိမ်မြောက်

MEITI အစီရင်ခံစာအား ၃၁-၃-၂၀၂၀ ရက်နေ့၌ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့ တင်ပြနိုင်ခဲ့ကြောင်း၊၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တို့အား လွှမ်းခြုံသည့် တတိယနှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာများအား ၂၀၂၀ပြည့်နှစ်ဧပြီလအတွင်း တင်ပြနိုင်ခဲ့ခြင်းကြောင့် ပါဝင်ပူးပေါင်းဆောင်ရွက်သူများအားလုံးကိုကျေးဇူးတင်ကြောင်း၊ ပထမအကြိမ် Commodity trading report အား သက်တမ်းတိုးမြှင့်ရန်လိုအပ်သဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၅) ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၁၅) ရက်နေ့အထိ သက်တမ်းတိုးမြှင့် ဆောင်ရွက်ထားပြီး အချိန်အားဖြင့် ဇွန်လ (၁၅) ရက်နေ့တွင် မူကြမ်းထွက်ရှိမည်ဖြစ်ပြီး ဇွန်လ(၂၉)ရက်နေ့၌ အပြီးသတ်အစီရင်ခံစာထွက်ရှိမည်ဟု လျာထားပြီး အချိန်မီပြီးရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆက်လက်၍ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ Annual Progress Report (July 2019 – June 2020) အား အချိန်မီတင်ပြနိုင်ရန်အတွက် NCS မှ စီစဉ်လျက်ရှိသည်ဟု သိရှိရကြောင်း၊ (၆) ကြိမ်မြောက် MEITI အစီရင်ခံစာ (Unilateral) ထုတ်ပြန်နိုင်ရန်အတွက် summary data template အား International Secretariat မှ NCS ပေးပို့ထားပြီး သင်တန်းပေးထားကြောင်းလည်းသိရှိရပါကြောင်း၊ NCS မှလည်း Template များအားလေ့လာသိရှိနိုင်ရန် ဖြန့်ဝေထားသည်ဟု သိရကြောင်း(၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာများ အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ တွင် ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် ဘဏ္ဍာငွေရရှိရေးသည် အရေးကြီးသည့်အပြင် IA ငှားရမ်းရန် ToR များသည်လည်း အပြီးသတ်ပြုစုရန်လည်း လိုအပ်ကြောင်း၊

၂။ IA ငှားရမ်းရန်ပြီးခဲ့သည့် အတွေ့အကြုံများအရအချိန်လုံလောက်မှုရှိရန်လည်း လိုအပ်ကြောင်း လက်ရှိ ထောက်ပံ့မှု ဒေါ်လာ ၃.၅ သန်းအနက် ၂.၄ သန်းကျော် အသုံးပြုထားပြီးဖြစ်ပြီး ၂-၆-၂၀၂၀ ရက်နေ့၌ကျင်းပခဲ့သည့် Work Plan and Governance Sub-committee အစည်းအဝေး၌ လက်ရှိ ၃.၅ သန်းမှ အသုံးပြုနိုင်သည့်လုပ်ငန်းစဉ်များ၊ ၂၀၂၁ စက်တင်ဘာလအထိ ဘဏ္ဍာငွေလိုအပ်နိုင်မှု၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အထိ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ဘဏ္ဍာငွေလိုအပ်နိုင်မှုတို့ကို လုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးခဲ့သည်ဟု သိရှိရပါ ကြောင်း၊ အားလုံးခြုံငုံပါဝင်သည့် Work Plan ရေးဆွဲရန် အရေးကြီးကြောင်း၊ NCS ၏ ငွေကြေးသုံးစွဲမှုများနှင့်ပတ်သက်သည့် စာရင်းစစ်အစီရင်ခံစာအား ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ၎င်းအား MOBD ၊ စာရင်းစစ်ချုပ်ရုံးနှင့် ကမ္ဘာ့ဘဏ်တို့ တွေ့ဆုံညှိနှိုင်း၍ သုံးသပ်လျက်ရှိကြောင်း၊ MOPFI ၊ စာရင်းစစ်ချုပ်ရုံးနှင့် ကမ္ဘာ့ဘဏ်တို့မှ ပထမအကြိမ်အဖြစ် Video conferencing ဖြင့် တွေ့ဆုံဆွေးနွေး ထားပြီးဖြစ်ကြောင်း၊ စာရင်းစစ်အစီရင်ခံစာအား အင်္ဂလိပ်ဘာသာသို့ ဘာသာပြန် ဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး MOPFI ၊ စာရင်းစစ်ချုပ်ရုံးနှင့် ကမ္ဘာ့ဘဏ်တို့မှ ဒုတိယအကြိမ် video conferencing တွေ့ဆုံရန် စီစဉ်ထားကြောင်း၊ ထိုကိစ္စများ ပြီးစီးပါက MSG တွင် တင်ပြမည်ဖြစ်ကြောင်း၊ Corrective action ၁၂ ချက်အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့မတိုင်မီ ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများက ပြည့်စုံအောင် ဆောင်ရွက်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထို့သို့ ဆောင်ရွက် သည့်အခါ MSG ဥက္ကဋ္ဌအနေဖြင့် သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းပေးမည် ဖြစ်ကြောင်း၊

၃။ Working Committee အစည်းအဝေးတွင်လည်း ဌာနအလိုက် ဆောင်ရွက်ရန် ရှိသည်များအား အသိပေးဆွေးနွေးမည်ဖြစ်ကြောင်း၊ EITI Contribution အနေဖြင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ တောင်းခံထား သည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (၂) နှစ်စာအတွက် တစ်နှစ်လျှင် ဒေါ်လာတစ်သောင်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်သောင်း အား MSG ၏ အကြံပြု ထားသည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်သုံးစွဲရန် အတွက် လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ IMF မှ အဆိုပြုထားသည့် IMF Anti-corruption challenges Competition နှင့်ပတ်သက်၍ အခြား သက်ဆိုင်ရာဌာနများ နှင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်းအချိန်အားဖြင့်လည်း ၂နှစ်၃နှစ်ကြာအောင် ဆောင်ရွက်ရမည်ကိစ္စဖြစ်ကြောင်း၊ နိုင်ငံတကာEITIအတွင်းရေးမှူးရုံးနှင့် IMF တို့အားလည်း သိလိုသည်များကို မေးမြန်းပြီး ဖြေကြားချက်များအား အကြီးအကဲများထံ ဆက်လက် တင်ပြပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်ရန်သင့်/မသင့် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊

၄။ MEITI Implementation structure အသစ်နှင့်ပတ်သက်၍ EITI လုပ်ငန်းစဉ်များသည် ရေရှည် စဉ်ဆက် မပြတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် Structure နှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ မတိုင်မီ အချိန်မီပြီးစီးရန် ဆောင်ရွက်လျှက်ရှိကြောင်း၊ Implementation Structure နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီတင်ပြနိုင်ရန်လိုအပ်သည့် concept paper များအား ဦးဆောင်ကော်မတီတွင်ဆုံးဖြတ်ထားသည့်အတိုင်း NCS မှတင်ပြရန်လိုအပ်ပါကြောင်း၊ Mining Cadaster Phase II လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် Mining Cadaster Evaluation Committee မှ ရွေးချယ်လိုက်သည့် Consultancy Firm ဖြင့် စာချုပ်ချုပ် ဆို၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Consultant မှ Draft Inception Report အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့လာပြီး ဖြစ်သဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ဆွေးနွေး လျက်ရှိသည်ဟု သိရှိရ ကြောင်း၊ (၉) ကြိမ်မြောက် ဦးဆောင်ကော်မတီအစည်းအဝေးအား ၂၂-၄-၂၀၂၀ ရက်နေ့၌ Online ဖြင့် ပြုလုပ် ခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီး (၃) ပါးလုံး တက်ရောက်ခဲ့ကြပြီး ရေနံလက်ယက်တွင်းများမှ ထွက်ရှိသည့် Oil Production data များ ပြည်တွင်း ထုတ်လုပ်မှု တွင်ထည့်သွင်းတွက်ချက်မှုရှိ-မရှိ၊ မပါရှိသေးကမည်သို့ ဆောင်ရွက်သင့်သည်ကို လေ့လာသုံးသပ် တင်ပြရန်၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ ကဏ္ဍစုံမှ ပါဝင်ကြသည့် အတွက် ဘက်စုံပေါင်းစုံမှအမြင်များအား ဆွေးနွေးဖြေရှင်းရန်နှင့် ရင်းနှီးချစ်ခင်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ လမ်းညွှန်ခဲ့သည်ကို မျှဝေအပ်ပါကြောင်း၊

၅။ နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့ဘဏ်၊ DFID ၊ DFAT တို့မှလည်း မြန်မာနိုင်ငံEITI လုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးမှုများ ပြုလုပ်သွားမည်ဟု သိရှိရပြီး ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊

မတ်လထိ ဖေလခန့်ကာလအတွင်း လက်ရှိဆောင်ရွက်နေသည့် ၃.၅ သန်း ထောက်ပံ့မှုသည် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ Financing gap ဖြစ်နိုင်ကြောင်း၊ ၎င်းကိုလည်းဖြေရှင်းရန်ရှိကြောင်း ၊EITI လုပ်ငန်းစဉ်များသည် ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့်ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုရှိစေသော လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အစိုးရအဆက်ဆက် အနေဖြင့်ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်သည်အားယုံကြည်ကြောင်း၊ EITI လုပ်ငန်းစဉ်ရလဒ်အား Meaningful Progress မှ Satisfactory Progress သို့ အဆင့်ဆင့် တိုးတက်စေရန် အတွက် အခြေခံအုတ်မြစ်များ ချထားပေးရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးသည် ယခင်က တစ်နေကုန်ကျင်းပသည့်အစား နေ့တစ်ဝက်သာ ကျင်းပရ သဖြင့် လိုရင်းတိုရှင်းဆွေးနွေး၍ အချိန်ကို အကျိုးရှိရှိဆွေးနွေးစေချင်ကြောင်း ပြောကြားခဲ့သည်။

## (၄) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

၁။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ အမှာစကားပြောကြားရာ၌ ကမ္ဘာ့နေရာ အများအပြားတွင်ဖြစ်ပွား နေသည့် ကပ်ရောဂါအခြေအနေ ကြောင့် ယနေ့အစည်းအဝေးပွဲကို အွန်လိုင်းစနစ်ဖြင့်သာ ကျင်းပရခြင်းဖြစ်ပြီး အချိန်ကို ကန့်သတ်ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် ဥက္ကဋ္ဌကြီးနှင့်တကွ MSG ကိုယ်စားလှယ်များကို မေတ္တာရပ်ခံချင်သည်မှာ အသေးစိတ် အချိန်ယူ ဆွေးနွေးရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာဆပ်ကော်မတီများတွင် အသေးစိတ်ဆွေးနွေးရန် တာဝန်ပေးပြီး ဆောင်ရွက်ရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုအခါ ပဉ္စမအကြိမ်မြောက်အစီရင်ခံစာ၊ တတိယနှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာ တို့ကိုထုတ်ပြန်နိုင်ခဲ့ပြီး Commodity Trading Report ကို ဇူလိုင်လအတွင်းတွင် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊

၂။ ယနေ့အစည်းအဝေးသည် ဒုတိယအကြိမ် BO ဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ရန်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အတွက် ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များရရှိနိုင်ရန်ဆောင်ရွက်ခြင်း၊ Validation လုပ်ငန်းစဉ်အရ Corrective Action များဆောင်ရွက်ခြင်း၊ Organizational Structure Development Consultant ငှားရမ်းခြင်း၊ Contract Transparency လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း၊ (၆) ကြိမ်မြောက် Uniliteral Report နှင့် ပူးပေါင်းထုတ်ပြန်မည့် (၇) ကြိမ်နှင့် (၆) ကြိမ်မြောက် အစီရင်ခံစာနှင့် ပတ်သက်၍ဆောင်ရွက်ခြင်း၊ Mining Cadaster လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း၊ Commodity Trading Report လုပ်ငန်းစဉ် စသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြမည်ဖြစ်ပြီး ဖွဲ့စည်းပြီးဖြစ်သည့် SNU (ဖြခုမှ နာယကများဖြစ် (သည့် တိုင်းဒေသကြီး/ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက SNU လုပ်ငန်းစဉ် အနှစ်ချုပ်ကိုတင်ပြပေးမည်ဖြစ်ကြောင်း၊

၃။ ယခုကဲ့သို့ COVID-19 ကပ်ရောဂါအခြေအနေဖြစ်ပွားခဲ့သော်လည်း မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်များ ကို စဥ်ဆက်မပြတ် အဆက်မပြတ်မသွားအောင် ဆောင်ရွက်ပေးခဲ့ကြသည့် အတွက် MSG ကိုယ်စားလှယ် များ၊ လုပ်ငန်းခွဲကော်မတီကိုယ်စားလှယ်များ၊ ဌာနများ၊ Development Partner များ၊ ကူညီပါဝင်ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါ ကြောင်း၊ အခြေအနေအရ လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိသည့် အချိန်တွင် EITI လုပ်ငန်းစဥ် အဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ခြင်းသည် အားလုံး၏ စေတနာနှင့် ကြိုးစားအားထုတ်မှုသာ ဖြစ်ပါကြောင်း၊ အသေးစိတ်ဆွေးနွေးရမယ့်ကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းခွဲကော်မတီများတွင် ဆွေးနွေးနိုင်ရန် အတွက် သတ်မှတ်တာဝန်ပေးကြပါရန်နှင့် ဆုံးဖြတ်ပေး ကြပါရန်၊ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်ပါရန်အတွက် ဆွေးနွေးပေးကြပါရန် ပြောကြား ခဲ့သည်။

**(၅) (၂၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများအား တင်ပြခြင်း**

(၂၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ NCS မှအကြီးတန်းပြန်ကြားရေးအရာရှိမှ အောက်ပါအတိုင်း အနှစ်ချုပ်တင်ပြခဲ့ပါသည် -

| စဥ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ပြီးစီးမှုအခြေအနေ |
|---|---|---|
| ၁ | BO အချက်အလက်ထုတ်ပြန်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကိုအားပေးသည့် ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတရုံး၏ အမိန့်ကြော်ငြာစာထုတ်ပြန်ပေးသည့်အတွက် ကျေးဇူးတင်လွှာအား MSG ဥက္ကဋ္ဌကိုယ်စား National Coordinator မှ လက်မှတ်ရေးထိုးပေးပို့ရန် | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၂ | Pre-final Report အပေါ် သက်ဆိုင်ရာဌာနများမှ သဘော ထားမှတ်ချက်များအား ၂၄-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၃ | 5th MEITI Final Report ထုတ်ပြန်ခြင်းအား EITI International Secretariat သို့ လက်မှတ်ရေးထိုးပေးပို့ နိုင်ရန်အတွက် အောက်ပါ ကိုယ်စားလှယ်များမှ ၂၆-၃-၂၀၂၀ ရက်နေ့တွင် NCS ရုံး၌ လက်မှတ်ရေးထိုးရန် - | ဆောင်ရွက်ပြီးဖြစ်သည်။ ၃၁-၃-၂၀၂၀ ရက်နေ့တွင် အစီရင်ခံစာအား MEITI Website တွင် တင်ပြခဲ့ပြီး MEITI လူမှု ကွန်ယက် Facebook စာမျက်နှာတွင် မျှဝေခဲ့သည်။ ၃-၄-၂၀၂၀ ရက်နေ့ တွင် |

| | | |
|---|---|---|
| | **အစိုးရကဏ္ဍကိုယ်စားလှယ်များ**<br>ဦးကျော်သက် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ DOM)<br>ဦးဝင်းမော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ OGPD)<br><br>**လုပ်ငန်းရှင်ကိုယ်စားလှယ်များ**<br>ဦးခင်မောင်ဟန် (ဥက္ကဋ္ဌ၊ MFMA)<br>ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ MGJEA)<br>TOTAL မှ ပြန်လည်အကြောင်းပြန်ရန်<br><br>**အရပ်ဘက်ကိုယ်စားလှယ်များ**<br>ဦးကျော်သူ (MATA)<br>ဒေါ်မိုးမိုးထွန်း (MATA) | ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၊ အသင်းချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် (SNU) များသို့ လည်း Final Sign version အား ပေးပို့မျှဝေ၍ သက်ဆိုင်ရာဝက်ဆိုဒ်စာမျက်နှာများတွင် ဖော်ပြပေးပါရန် တင်ပြခဲ့သည်။ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ များထံသို့လည်း မျှဝေခဲ့သည်။ MIMU ဝက်ဆိုဒ် အင်တာနက် စာမျက်နှာရှိ Economic infrastructure တွင်လည်း ဖော်ပြခဲ့ပါသည်။ |
| ၄ | Reporting Template ဖြည့်သွင်းရာ၌ Audit Report တင်ပြမှုနှင့်စပ်လျဉ်း၍ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲ ကော်မတီတွင် အသေးစိတ်ဆွေးနွေးရန်<br>• ကျောက်မျက်ကဏ္ဍလုပ်ငန်းရှင်ကိုယ်စားလှယ် ဦးဇော်ဘိုခန့်အား ဖိတ်ကြားရန် | အစည်းအဝေးကျင်းပနိုင်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ မဆွေးနွေးနိုင်ခဲ့ပါ။ လုပ်ငန်းရှင်ကိုယ်စားလှယ်မှလည်း တက်ရောက်နိုင်ခြင်းမရှိခဲ့ပါ။ |
| ၅ | NCS ၏ Contigency Plan အရ work from home လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၏ ဆက်သွယ်ရေး ကုန်ကျစရိတ် (ဖုန်း၊ အင်တာနက်စရိတ်များ) နှင့် လိုအပ်သည့် အသုံးစရိတ် များအတွက် NCS Operation Cost မှ ကျခံသုံးစွဲနိုင်ရန် အတွက် ဆွေးနွေးရာ၌<br>• ခန့်မှန်းကုန်ကျစရိတ်၊ သုံးစွဲမည့်ဘတ်ဂျက်လိုင်း တို့အား MOBD သို့ ၂၃-၃-၂၀၂၀ ရက်နေ့တွင် စာရေးသားရန်နှင့် MOBD မှတစ်ဆင့် ကမ္ဘာ့ဘဏ် သို့ ဆက်လက်ညှိနှိုင်း၍ NOL ရယူရန်<br>• DFAT ၊ DFID ၊ World Bank တို့ထံသို့ ၎င်းတို့၏ Contingency Plan အား ၂၃-၃-၂၀၂၀ ရက်နေ့ တွင် NCS မှ ဆက်သွယ်တောင်းခံရန်<br>• MSG သို့ Timeline နှင့် Contingency Plan Guideline အား ပေးပို့တင်ပြရန် | သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ပြီး ဖြစ်သည်။ |

| | | |
|---|---|---|
| ၆ | ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်မှစ၍ NCS ရုံး၏ Work From Home ပြုလုပ်ရန်ကိစ္စအား MSG မှ သဘောတူသည်။ | ဆောင်ရွက်ပြီးဖြစ်သည်။ NCS ရုံးမှ WFH အား ၁-၄-၂၀၂၀ မှ စတင် ပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များ ဆောင်ရွက်မှု များအား MSG သို့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။ |
| ၇ | ပုလဲကဏ္ဍ Export တွင် USA နှင့် Hong Kong သို့ ရောင်းချသည့်ဒေတာသည် MPE မှ ရောင်းချခြင်း ဖြစ်ကြောင်း IA သို့အကြောင်းပြန်ရန် | ဆောင်ရွက်ပြီးဖြစ်သည်။ အကြောင်းပြန်ပြီးဖြစ်သည်။အစီရင်ခံစာတွင်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ |
| ၈ | ဘတ်ဂျက်နှင့်ပတ်သက်သည့်ကိစ္စရပ်များနှင့်အောက်ပါတို့အား ဆွေးနွေးရန် Donor Consultation Group အစည်း အဝေးအား ၃-၄-၂၀၂၀ ရက်နေ့တွင် ကျင်းပရန်<br>• (၆) ကြိမ်မြောက် MEITI အစီရင်ခံစာအတွက် ဘတ်ဂျက်<br>• 2019-2020 Annual Progress Report အတွက် APR Workshop ကျင်းပရန် ဘတ်ဂျက်<br>• ရှေ့လာမည့် MSG နှင့် Sub-committee အစည်းအဝေးများ အတွက် ဘတ်ဂျက် | လက်ရှိအခြေအနေများအား ယနေ့ အစည်းအဝေးတွင် တင်ပြမည်ဖြစ်သည်။ |
| ၉ | MEITI Work Plan and Budget (Final Version) အား MOBD မှ NCS သို့ပေးပို့ရန် | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၁၀ | သယံဇာတကဏ္ဍ SOE များမှ CSR များအား လတ်တလော COVID -19 နှင့်စပ်လျဉ်းပြီး အများပြည်သူ အကျိုးအတွက် အသုံးပြုရန် တိုက်တွန်းကြောင်း သဘောတူသည်။<br>• ထို့အတွက် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အကြံပြုတင်ပြသည့်စာအား နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ MSG အနေဖြင့် တရားဝင်စာပေးပို့ရန် | နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ တင်ပြခဲ့ပြီး အကြောင်းပြန်မှုများ ရရှိခဲ့ပြီးဖြစ်သည်။ |
| ၁၁ | MEITI အစည်းအဝေးတက်ရောက်ရာတွင် Member နှင့် Alternate Member တို့၏ ကုန်ကျစရိတ်များ သုံးစွဲနိုင်မှု နှင့်ပတ်သက်၍ ဆွေးနွေးရာ၌ NCS မှ အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ ယခင်အစည်းအဝေးမှတ်တမ်းများ အား MSG | အစည်းအဝေးမှတ်တမ်းများအား စုစည်းထားသည်။ |

| | | |
|---|---|---|
| | သို့စုစည်းတင်ပြရန်နှင့် အဆိုပါမှတ်တမ်းများအရ လိုက်နာရန် ပျက်ကွက်သည့်အကြောင်းရင်းအား MSG သို့တင်ပြရန်<br>• ၂၆-၃-၂၀၂၀ ရက်နေ့ တွင်ကျင်းပမည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ထည့်သွင်း ဆွေးနွေးရန် | |
| ၁၂ | Standard Reporting Template နှင့်ပတ်သက်၍ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးရန် | ဆောင်ရွက်ရန်ကျန်ရှိနေသည်။<br><br>(၂၇-၅-၂၀၂၀ ရက်နေ့ T&R အစည်းအဝေးတွင် summary data template များအား User Friendly ဖြစ်စေရန်နှင့် Awareness ဖြစ်စေရန် အတွက် သက်ဆိုင်ရာဌာနများ/ sub-committee များသို့ ပေးပို့မျှဝေရန် ဆုံးဖြတ်ခဲ့ပြီး NCS မှ မျှဝေထားသည်။ (၅) ကြိမ်မြောက် အစီရင်ခံစာ Template များကိုလည်း နောက်တစ်ကြိမ် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် အတွက် ကြိုတင်ဖြန့်ဝေထားသည်။) |
| ၁၃ | Gems and Jade ၏ Production Volume ဒေတာ များအား Sharing/Private အားပေါင်း၍ မပြဘဲ JV နှင့် Private ဟူ၍ ခွဲခြား၍ Scope ၊ Out of Scope တို့ဖြင့် IA မှ ခွဲခြားဖော်ပြပေးရန် | ဆောင်ရွက်ပြီးဖြစ်ပါသည်။ (၅) ကြိမ်မြောက် အစီရင်ခံစာတွင်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ |
| ၁၄ | Oil and Gas ကဏ္ဍ၌ Onshore နှင့် Offshore ၏ Exportation ဒေတာအသေးစိတ်များအား Commodity Trading Report တွင် IA မှထည့်သွင်းဖော်ပြရန် | Commodity Trading အစီရင်ခံစာအား IA မှ ပြုစုလျက်ရှိပြီး ဒေတာစုံလင်စေရန် ချိတ်ဆက်ညှိနှိုင်းလျက်ရှိသည်။ |
| ၁၅ | ပေးပို့ထားသည့် Comments များအား မည်သည့်အချက်များ သည် ထည့်သွင်းပြင်ဆင်သင့်သည် (သို့မဟုတ်) မထည့်သွင်း သည် ဆိုသည့် Excel Check List အား ၂၅-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပြန်လည်ပေးပို့ရန် | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၆ | 5th MEITI Final Report အား ၂၈-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA မှ ပေးပို့ရန် | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၁၇ | COVID-19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေသောကြောင့် မမျှော်လင့်နိုင်သော အခြေအနေများဖြစ်လာနိုင်ပါသဖြင့် အစီရင်ခံစာထုတ်ပြန်ရန် နောက်ကျပါက Validation အပေါ် သက်ရောက်မှုအား International Secretariat သို့ NCS မှ အီးမေးလ်ဖြင့် မေးမြန်းရန်<br>• နောက်ကျနိုင်သည့်အခြေအနေအား ထည့်သွင်းဖော်ပြ၍ မေးမြန်းရန် | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၈ | စာမျက်နှာ ၁၃၁၊ ၁၃၃ နှင့် ၁၃၄ ရှိ Mineral Payment Flow တွင် State Contribution သည် Treasury Department နှင့်သာသက်ဆိုင်သဖြင့် အဆိုပါဌာနနှင့်သာ ဆက်စပ်မှုအား ပြင်ဆင်ဖော်ပြပေးရန်နှင့် Central Bank နှင့်ဆက်စပ်ဖော်ပြမှုအား ပယ်ဖျက်ပေးရန်၊ အခြား Royalty များအား သက်ဆိုင်ရာဌာနနှင့်သာ သက်ဆိုင်ကြောင်း ဖော်ပြရန် | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၉ | SOE Transfer နှင့်ပတ်သက်၍ Table 34 SOE Payments and Transfer Reconciliation တွင် Opening Balance နှင့် Closing Balance တို့ခြားနားချက်တွက်ချက်ရာ၌ Transfer အားလုံးအား ပေါင်း၍ တွက်ချက်ထားသဖြင့် ပြန်လည်ပြင်ဆင်ရန် အတွက် Budget Department (SEE) ဌာနမှ စာဖြင့် ရှင်းလင်းချက်အား NCS သို့ ပေးပို့ရန် | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၂၀ | Commodity Trading Report နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်အချိန်ဇယားအား ၂၆-၃-၂၀၂၀ ရက်နေ့၌ ပြုလုပ်မည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးရန် | အစည်းအဝေးတွင် မဆွေးနွေးနိုင်ခဲ့ပါ။ IA နှင့် ညှိနှိုင်း၍ အချိန်ဇယားများအား MSG သို့ တင်ပြခဲ့ပြီးဖြစ်သည်။၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (၁၅) ရက်မတိုင်မီထုတ်ပြန်ရမည် ဖြစ်ပါသည်။ |
| ၂၁ | Contextual Information ၌ MOBD အား MEITI Office, Budget Department ဟု ပြင်ဆင်ဖော်ပြပေးရန် | ဆောင်ရွက်ပြီးဖြစ်သည်။ |
| ၂၂ | Cost Extension နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများအား ကမ္ဘာ့ဘဏ်မှ Donor Consultation Group Meeting (၃-၄-၂၀၂၀ ရက်နေ့) မတိုင်မီ MSG သို့ ပေးပို့ရန် | မေလ (၁၄) ရက်နေ့ (WB, MOBD, NCS) Team Meeting နှင့် မေလ (၂၇) ရက်နေ့ နည်းပညာ နှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ အစည်းအဝေးတို့တွင် ဆွေးနွေးခဲ့သည်။ |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | |
|---|---|---|
| | | (Cost Extension Update အား ဖွန်လကုန်မှ သိရမည်ဖြစ်ကြောင်း၊ NCS ၏ Audit Report အပေါ်တွင်လည်း မူတည်ကြောင်း၊ Audit Report ထွက်ရှိထားပြီးဖြစ်သော်လည်း ကမ္ဘာ့ဘဏ်ဘက်မှ သဘောထားသိနိုင်ရန်အတွက် ဘာသာပြန် လုပ်ငန်းစဉ်ဆောင်ရွက်နေကြောင်း၊ Cost extension အတည်ပြုပါကလည်း (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် သည် ၂၀၂၁ ခုနှစ်၊ မတ်လနောက်ပိုင်းမှ ပေးချေရမည့် ဘတ်ဂျက်ဖြစ်သဖြင့် အကျုံးဝင်မဝင်ကြောင်း သိရပါသည်။) |

**(၆) ပဥ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၊ တတိယ အကြိမ်နှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍ အစီရင် ခံစာ ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ အနှစ်ချုပ်တင်ပြခြင်း**

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး စီမံကိန်းမန်နေဂျာက ဆွေးနွေးတင်ပြရာ၌ ပဥ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်နေ့၌ ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍ အစီရင် ခံစာတို့အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၅) ရက်နေ့၌ ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာများအား MEITI website တွင် ထုတ်ပြန်ထားပြီး ဖြစ်သဖြင့် ဝင်ရောက်လေ့လာ နိုင်ပါကြောင်း၊ နောက်ဆက်တွဲများကိုလည်း website တွင် တင်ပြထားသဖြင့် လိုအပ်သလို ရယူလေ့လာနိုင်ပါကြောင်း စသဖြင့် တင်ပြခဲ့သည်။

**(၇) ထွက်ရှိပြီးဖြစ်သော ပထမအကြိမ်မှ ပဥ္စမအကြိမ် MEITI အစီရင်ခံစာများအား နှိုင်းယှဉ်ချက် ပြုစုရန်နှင့် ပတ်သက်၍ ဆွေးနွေးခြင်း**

၁။ စီမံကိန်းမန်နေဂျာက ဆက်လက်တင်ပြရာ၌ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေး၌ သတ္တုတွင်းဦးစီးဌာန အစိုးရ ကိုယ်စားလှယ်တစ်ဦးမှ အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း၊ အစီရင်ခံစာများအား နှိုင်းယှဉ်ချက်ပြုစုရန်အတွက် MEITI Work Plan တွင် ဘတ်ဂျက်လျာထားခြင်း မရှိထားကြောင်း၊ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးရန် အတွက် လုပ်ငန်းခွဲကော်မတီတစ်ခုတွင် တာဝန်ချထားပေးရန်နှင့် သဘောထားပေးစေချင်ကြောင်း တင်ပြခဲ့ရာ၌ မြန်မာ့သစ်လုပ်ငန်းမှ အစိုးရကိုယ်စားလှယ်မှ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲ

ကော်မတီ၌ ဆွေးနွေးရန်သဘောထားပေးခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင် ကိုယ်စားလှယ်များကလည်း **ထွက်ရှိပြီးသည့် ပထမအကြိမ် မှ ပဉ္စမအကြိမ် MEITI အစီရင်ခံစာများအား နှိုင်းယှဉ်ချက် (Analysis) ပြုလုပ်ရန်ကိစ္စအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် အသေးစိတ် ဆွေးနွေးရန်** သဘောတူဆုံးဖြတ်ခဲ့ကြသည်။

၂။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း လုပ်ငန်းခွဲကော်မတီမှ ကိုယ်တိုင်ပြုစုရန် မလွယ်ကူ ကြောင်း အကြံပြုခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း ကိုယ်တိုင်ပြုစုရန်မဟုတ်ဘဲ အဆိုပါကိစ္စရပ်အတွက် ဆွေးနွေးအကြံပြုပေးရန်သာဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**(၈) Commodity Trading Report နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း**

၁။ NCS ၏ နည်းပညာညှိနှိုင်းရေးမှူးမှ တင်ပြရာ၌ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အစီရင်ခံစာဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတစ်ခုတည်းသာ လွှမ်းခြုံမည်ဖြစ်ကြောင်း၊ Deadline အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့အား သတ်မှတ်ထားကြောင်း၊ ယခင်က အဆိုပါ အစီရင်ခံစာအား (၅) ကြိမ်မြောက် MEITI အစီရင်ခံစာပြီးနောက် ဧပြီလအတွင်း ထွက်ရှိရန် စီစဉ်ထားခဲ့ ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့သည်ကို MSG သို့ ဧပြီလ (၄) ရက်နေ့နှင့် (၉) ရက်နေ့တို့တွင် အစီရင်ခံတင်ပြခဲ့ကြောင်း၊ အစီရင်ခံစာအား (၅) ကြိမ်မြောက် အစီရင်ခံစာ၏ Independent Administrator (IA) ဖြစ်သူ BDO အဖွဲ့မှ ဆက်လက်ပြုစုနေပါကြောင်း၊ အချိန်ဇယားအား IA မှ သတ်မှတ်ထားပြီး ဇွန်လ (၁၅) ရက်နေ့တွင် မူကြမ်းထွက်ရန် ပြင်ဆင်ထားကြောင်း၊ နောက်ဆုံး အစီရင်ခံစာအား IA ၏ အချိန်ဇယားအရ ဇွန်လ (၂၉) တွင်ထွက်ရှိရန် လျာထားပြီး စာချုပ်အရ ဇူလိုင်လ (၁၅) ရက်နေ့ နောက်ဆုံးတင်ပြရန် သတ်မှတ်ပါရှိထားကြောင်း တင်ပြခဲ့သည်။

၂။ ဆက်လက်၍ အစီရင်ခံစာနှင့်သက်ဆိုင်သည့်ဌာနများအနေဖြင့် မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း (MOGE) ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာန (OGPD) ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း (MPPE) တို့ပါဝင်ပြီး IA မှ တောင်းခံသည့် ဒေတာများတွင် (၁၈) မျိုး ပါဝင် ကြောင်း၊ NCS ရုံးအနေဖြင့်လည်း ဒေတာများအား ဧပြီလ (၉) ရက်မှ စတင်၍ တောင်းခံခဲ့ကြောင်း၊ မေလ (၈) ရက်နေ့နှင့် (၂၆) ရက်နေ့များတွင် ကျန်ရှိနေသည့် ဒေတာများအား ထပ်မံစာထွက်၍ တောင်းခံ ခဲ့ကြောင်း၊ ဇွန်လ (၂) ရက်နေ့တွင်လည်း IA မှ ပေးပို့သည့် Template အား ဖြည့်သွင်းရန် အတွက် ထပ်မံ တောင်းခံမှုရှိကြောင်း တင်ပြခဲ့သည်။

၃။ အဆိုပါဒေတာ (၁၈) မျိုး၌ ကျန်သည့်အချက် (၂) ခုရှိကြောင်း၊ တစ်ခုသည် Financial Statement ဖြစ်ပြီး Downstream Sector တွင် ကုမ္ပဏီနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ Financial Statement များ ပေးရန်ကျန်နေသေးကြောင်း၊ နောက်တစ်ချက်သည် Reporting Template များအား

ဌာနများဘက်မှ အသေးစိတ်ဖြည့်ရန် ကျန်ရှိနေသေးကြောင်း၊ MOGE မှ Gas များ ရောင်းသည့်အခါ မည်သည့်ပုံစံဖြင့်ရောင်းချသည်ဆိုသည့် Tendering Process အား တောင်းခံထားပြီး မရရှိသေးကြောင်း စသဖြင့် တင်ပြခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း နှစ်စဉ်နှစ်တိုင်း ဒေတာတောင်းသည့်အခါ ဒေတာများ နောက်ကျကြောင်း၊ နှစ်တိုင်းကျန်ရှိနေသည်မှာ MOGE ဖြစ်နေကြောင်း၊ နောက်တစ်ကြိမ် မကျန်ရှိစေရန် မည်ကဲ့သို့ စီစဉ်သင့်သည်နှင့် MOGE အနေဖြင့် မည်သည့်အခက်အခဲ၊ စိန်ခေါ်မှုများ ရှိနေသည်ကို သိရှိလို ကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။

၅။ MOGE မှ တာဝန်ရှိသူကလည်း Template နှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အသစ်ဖြစ် နေကြောင်း၊ အသစ်ဖြစ်နေသဖြင့် အချက်အလက်ဖြည့်သည့်အခါ မည်သည့်ရည်ရွယ်ချက်နှင့် တောင်းခံ သည်ကို သိရှိပါမှ အဆင်ပြေမည်ဖြစ်ကြောင်း၊ ဌာနအတွင်း ဖြည့်သွင်းရန် အချိန်လည်း လိုအပ်ကြောင်း တင်ပြခဲ့သည်။

၆။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း Template တောင်းသည့်အခါတိုင်း ရည်ရွယ်ချက်များ မေးမြန်းသည်ကို တွေ့ရှိရသဖြင့် MOGE အနေဖြင့် မည်သည့်စိန်ခေါ်မှုများရှိနေသည်ကို သိရှိလိုကြောင်း၊ ဤအစီရင်ခံစာအတွက် ဒေတာတောင်းခံခြင်းသည် ၂၀၁၉ စံနှုန်းအတိုင်း ဆောင်ရွက်ကြသည်ကို သိရှိထားကြောင်း၊ MSG ကိုယ်စားလှယ်အနေဖြင့် OGPD အနေဖြင့် ပါရှိထားပြီးဖြစ်ကြောင်း၊ ယခင် ကတည်းက အကြိမ်ကြိမ်ဆွေးနွေးခဲ့သည်များရှိကြောင်း၊ နားမလည်သည်များကို မေးမြန်း၍ ရကြောင်း၊ နောက်ဆုံးအချိန်မှ မည်သည့် အဓိပ္ပာယ်ကြောင့် တောင်းခံသည်ကို မေးမြန်းခြင်းသည် သဘာဝမကျ ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

၇။ နည်းပညာညှိနှိုင်းရေးမှူးကလည်း Template သည် ယခင်တောင်းထားသည့် ဒေတာများ ပါဝင်ကြောင်း၊ IA အနေဖြင့် အချက်အလက်အားလုံးအား လွှမ်းခြုံမိစေရန် Format ပို့လာခြင်း ဖြစ် ကြောင်း၊ မိမိပို့သည့်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူကို ဖုန်းဆက်ပြီး ဖြည့်စွက်ပုံ နည်းလမ်းများအား မေးမြန်းနိုင်ကြောင်း၊ ဖြည့်စွက်ပုံနည်းလမ်းအား ဖုန်းဖြင့်လည်း ပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ နံနက် တွင်လည်း ဆက်သွယ်ထားခဲ့ကြောင်း ဖြည့်စွက်တင်ပြခဲ့သည်။

၈။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ ကိုယ်စားလှယ်တစ်ဦးကလည်း တတ်နိုင်သမျှ အချိန်မီအောင် ဆောင်ရွက်ပေးနေသည့်အခြေအနေဖြစ်ကြောင်း၊ အမြဲတမ်းနောက်ကျသည်ကို ပြောနေကြသည့် အတွက် ပြန်ကြားရေးစနစ်အား မိမိအနေဖြင့် ပြောကြားခဲ့ကြောင်း၊ အီးမေးလ်ဖြင့်အလုပ်လုပ်ခိုင်းသည်မှာ မိမိတို့အတွက် အဆင်မပြေကြောင်း၊ လုံးဝခက်ခဲကြောင်း၊ စာဖြင့် ပေးပို့ခိုင်းခဲ့ကြောင်း၊ မပေးပို့ပါကြောင်း၊ အီးမေးလ်နှင့်လုပ်ဆောင်ရန် လိုင်းမကောင်းကြောင်း၊ ဥပမာ - Spot Sales အား မည်သို့ အဓိပ္ပာယ်

သတ်မှတ်မည်နည်းဟုသော အကြောင်းအရာအား မည်ကဲ့သို့ ဖြည့်သွင်းရမည်ကို ပြန်လည်မေးမြန်းချင်ကြောင်း၊ မိမိတို့အနေဖြင့်တက်နိုင်သမျှဆောင်ရွက်နေကြောင်း၊ Commodity Trading Report တွင် ဤစာရွက်ပေးရုံဖြင့် မရှင်းလင်းကြောင်း၊ မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် တောင်းသည်ကိုသိရှိမှ ဒေတာအမှန်ကို ဖြည့်နိုင်မည်ဖြစ်ကြောင်း၊ နံနက်ပိုင်း ချက်ချင်းတောင်း၍ ညနေပိုင်း ချက်ချင်းပေးဆိုပါကလည်း မတတ်နိုင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အချိန်မီထွက်ရှိရန်အတွက် ဆက်လက်ပူးပေါင်းပါဝင်ပေးရန်နှင့် ယခင်က ပေးခဲ့သည့် ဒေတာများအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

## (၉) (၆) ကြိမ်မြောက်အစီရင်ခံစာ (Uniliteral) ထုတ်ပြန်မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း

၁။ နည်းပညာညှိနှိုင်းရေးမှူးမှတင်ပြရာ၌ (၆) ကြိမ်မြောက်အစီရင်ခံစာအတွက် Summary data တွင် (၆) လတာ ဒေတာများအား ပါဝင်ရမည်ဖြစ်ပြီး အစိုးရ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ Mini Budget ကာလအား အကျုံးဝင်ကြောင်း၊ အစိုးရအနေဖြင့် တစ်ဖက်သတ် (Unilateral) ထုတ်ပြန်ရမည်ဖြစ်ပြီး နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန် နောက်ဆုံးထား၍ မြန်မာနိုင်ငံအနေဖြင့် တင်သွင်းရမည်ဟု အကြောင်းပြန်ထားကြောင်း၊ EITI နိုင်ငံ (၅၃) နိုင်ငံအနက် အစိုးရ၏ဒေတာများအား အပြည့်အဝ Unilateral ထုတ်ပြန်သည်မှာ မြန်မာနိုင်ငံတစ်ခုသာ ရှိကြောင်း၊ အဆိုပါထုတ်ပြန်မှုပြုလုပ်သော်လည်း (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ရန်လည်း ရှိကြောင်း၊ ထိုအချိန်တွင် (၆) ကြိမ်မြောက် Summary data အား reconcile ပြုလုပ်ရမည့်အပြင် Full data အား reconcile ပြုလုပ်၍ လည်း တင်သွင်းရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၂။ Template နှင့်ပတ်သက်၍ ၂၀၁၉ ဇူလိုင်လ (၁) ရက်နေ့တွင် အတည်ပြုခဲ့သည့် Summary Template 2.0 အား နောက်ပိုင်းအစီရင်ခံစာများအတွက် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ အပိုင်း (၅) ပိုင်း ပါဝင်ပြီး အပိုင်း (၁) ၌ အခြေခံအချက်အလက်များ၊ အပိုင်း (၂) ၌ contextual information များ၊ financial data များ၊ အပိုင်း (၃) Reporting entity များပါဝင်မည်ဖြစ်ပြီး အစိုးရဌာနအေဂျင်စီများ၊ သက်ဆိုင်ရာကုမ္ပဏီများ ၊ ပရောအပိုင်း (၄) ၌ Government Revenue များ၊ သက်ဆိုင်ရာဌာနများ၏ ဘဏ္ဍာ ငွေဆိုင်ရာအချက်အလက်များ၊ အပိုင်း (၅) ကုမ္ပဏီများ၏ ဒေတာများ၊ ပရောဂျက် အဆင့် ဒေတာများ စသဖြင့်ပါဝင်ကြောင်း၊ (၆) ကြိမ်မြောက်အစီရင်ခံစာသည် Reconcile မလုပ်သည့် အတွက် အပိုင်း (၁) မှ (၄) အထိသာ ဖြည့်သွင်းရမည်ဖြစ်ကြောင်း၊ အပိုင်း (၅) အားဖြည့်သွင်း ရန် မလိုအပ်ကြောင်း တင်ပြခဲ့သည်။

၃။ Template တွင် အပိုင်း (၃) ပိုင်းရှိပြီး အပြာနှင့်အဝါခွဲခြားထားပြီး အဝါရောင်သည် မဖြစ်မနေဖြည့်သွင်းရမည့်အပိုင်းဖြစ်ကြောင်း၊ အပြာဖြင့်ပြထားသည့်အပိုင်းသည် voluntary ဖြစ်သဖြင့်

မဖြစ်မနေ မဟုတ်ကြောင်း၊ နံပါတ် (၁) ၊ (၂) တို့တွင် partially, not available , not applicable စသဖြင့် ပါရှိကြောင်း၊ MSG အနေဖြင့် ဆုံးဖြတ်ရမည်မှာ (၆) လအတွက် Summary data template တင်ပြရန် အချိန်အား မည်ကဲ့သို့စီမံမည်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစိုးရဌာနများမှဒေတာများအား data verification ပြုလုပ်ရန်အချိန်အား မည်မျှယူမည်နှင့် နောက်ဆုံးအချက်အနေဖြင့် ဒေတာ ကောက်ယူခြင်းနှင့် တင်ပြခြင်းအား မည်သို့ လုပ်ဆောင်မည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ NCS အနေ ဖြင့် စဉ်းစားထားသည်မှာ ဒေတာအား NCS မှ ကူညီစုစည်းပေးမည်ဖြစ်ပြီး statistician ငှားရမ်းပြုစုကာ တင်ပြရန် စီစဉ်ထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MOGE ဘက်ကတင်ပြခဲ့သည့် ဒေတာပေးသည့်အခါ အဆင်မပြေခြင်း၊ နားမလည်ခြင်းများရှိနေသဖြင့် စိတ်မကောင်းဖြစ်ရကြောင်း၊ မည်သည့်အချက်အလက်ကိုတောင်းစေကာမူ လက်ခံရရှိမှု ရှိ၊ မရှိ၊ နားလည်ခြင်း ရှိ၊ မရှိ အတည်ပြု (Confirm) ပေးစေချင်ကြောင်း၊ သို့မှသာ တစ်ဖက်က ဆက်လက်အကောင်အထည်ဖော်ရန် သေချာစေမည်ဖြစ်ကြောင်းနှင့် ထိုအခြေအနေအား မှတ်တမ်းထားစေချင်ကြောင်း၊ နှစ်ဖက်စလုံးအခက်အခဲမဖြစ်စေရန် ရည်ရွယ်ကြောင်း အကြံပြုခဲ့သည်။

၅။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း (၆) ကြိမ်မြောက်အတွက် Template များ ပေးပို့သည်ကို သိရှိထားကြောင်း၊ သတ္တုတွင်းဦးစီးဌာန၏ template မပါဝင်ခဲ့သည့်အတွက် ပြန်လည်စစ်ဆေး ပေးစေချင်ကြောင်း တင်ပြခဲ့သဖြင့် ပြန်လည်ပေးပို့ထားကြောင်း နည်းပညာညှိနှိုင်းရေးမှူးမှ ပြန်လည် တင်ပြခဲ့သည်။

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူကလည်း (၆) ကြိမ်မြောက် အစီရင်ခံစာအတွက် မည်ကဲ့သို့ အချိန်ကာလ timeline ပေးထားမှုအား ပြန်လည်မေးမြန်းရာ၌ International Secretariat အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ပေးထားကြောင်း၊ NCS အနေဖြင့် စက်တင်ဘာလကုန်တွင် MoU သက်တမ်းကုန် ဆုံးမည်ဖြစ်ကြောင်း၊ OAG အနေဖြင့် အစိုးရဌာန ဒေတာများအား verify ပြုလုပ်ရာ၌ မည်သည့်အချိန်တွင် ပြီးစီးနိုင်မည်နှင့် ယခင် MSG အစည်းအဝေးတစ်ခုတွင် စက်တင်ဘာလကုန်တွင် ပြီးစီးနိုင်သည်ဟု ဆွေးနွေးထား မှုရှိခဲ့ကြောင်း စသဖြင့် ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ OAG မှ တာဝန်ရှိသူကလည်း ယခင်အချိန်က COVID-19 အခြေအနေမရှိသေးကြောင်း၊ ယခုအခါ COVID-19 ကြောင့် အချို့သော စာရင်းစစ်ခြင်းလုပ်ငန်းများ ရပ်တန့်လိုက်ရသည်များရှိကြောင်း၊ ပြီးစီးမည့်အချိန်များလည်း နောက်ဆုံးသွားကြောင်း၊ စစ်ပြီးသော်လည်း အစီရင်ခံစာရေးချိန်နှင့် review ပြုလုပ်ချိန်များ ရှိကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်အားလုံးမှ **(၆) ကြိမ်မြောက် အစီရင်ခံစာ Summary data အတွက် Timeline နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နောက်အပတ်အတွင်း ပြန်လည်အကြောင်းပြန်ရန်** ဆုံးဖြတ်ခဲ့သည်။ ဆက်လက်၍ **(၆) ကြိမ်မြောက် အစီရင်ခံစာ**

**Summary data အတွက် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီ အစည်းအဝေးတွင် အသေးစိတ် ဆွေးနွေးရန်**လည်း သဘောတူညီခဲ့ကြသည်။

၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း EITI Standard ၊ Guideline များနှင့် ညီ၊ မညီ အရေးကြီးကြောင်း အကြံပြုခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲ ကော်မတီ၌ အသေးစိတ်ဆွေးနွေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**(၁၀) (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်မှုနှင့်ပတ်သက်၍ IA ToR ပြင်ဆင်ခြင်း၊ ဘဏ္ဍာငွေဆိုင်ရာ လိုအပ်ချက်၊ Timeline နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

၁။ နည်းပညာကျွမ်းကျင်သူမှ ဆွေးနွေးတင်ပြရာ၌ Mini-budget ဖြစ်သည့်အတွက် EITI ဘုတ်သို့ MSG ဥက္ကဋ္ဌမှ (၆) ကြိမ်မြောက်အစီရင်ခံစာအတွက် Extension တောင်းခံခဲ့ကြောင်း၊ EITI ဘုတ်အဖွဲ့မှ ဧပြီလ (၁၄) ရက်နေ့၌ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အစီရင်ခံစာအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ပြန်လည်တင်ပြရမည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ လက်ရှိ အသုံးပြုနေသည့် MDTF နှင့် Cost Extension fund တို့သည် ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ကြောင်း၊ ထိုကာလထက်ကျော်လွန်သည့် EITI လုပ်ငန်းများအား အသုံးပြုနိုင်မည် မဟုတ်တော့ကြောင်း၊ MOBD ၊ World Bank နှင့် NCS တို့၏ မေလ (၁၄) ရက်နေ့၌ ပြုလုပ်ခဲ့သည့် Team meeting တွင်လည်း ပြောကြားခဲ့ကြောင်း၊ အဆိုပါ Reconcile ပြုလုပ်မည့် (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အစီရင်ခံစာတို့အတွက် မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ပြီး MSG သို့ ထပ်မံတင်ပြခြင်း ဖြစ်ကြောင်း ကနဦး ဆွေးနွေးတင်ပြခဲ့သည်။

၂။ ၎င်းမှဆက်လက်၍ (၆) ကြိမ်မြောက်သည် (၆) လစာ Mini budget အား Reconcile ပြုလုပ်မည့်အစီရင်ခံစာဖြစ်ပြီး (၇) ကြိမ်မြောက် သည် (၁၂) လစာကာလဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ (၃၀) ရက်နေ့အထိ ဘတ်ဂျက်ကာလ ဖြစ်ကြောင်း၊ ထို့နောက် (၅) ကြိမ်မြောက် သစ်တောကဏ္ဍအစီရင်ခံစာသည် Mini budget ကာလဖြစ်ပြီး (၆) ကြိမ်မြောက် သစ်တောကဏ္ဍအစီရင်ခံစာသည် (၁၂) လစာဖြစ်ကြောင်း၊ ထို့ကြောင့် အစီရင်ခံစာသည် (၄) ခုဖြစ်သွားမည်ဖြစ်ပြီး ToR များအား ယခုအချိန်ကတည်းက ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် နောက်အပတ်အတွင်း ToR များအား မူကြမ်းပြင်ဆင်ထားမည်ဖြစ်ပြီး လာမည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတစ်ခုတွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဇူလိုင်လဆန်းတွင် MSG ၏ အတည်ပြုချက်ယူမည်ဖြစ်ပြီး REOI ခေါ်ယူခြင်း၊ ရွေးချယ်ရေးပြုလုပ်ခြင်းနှင့် Request for Proposal (RFP) ကြေညာခြင်း များပြုလုပ်ခြင်းနှင့် ရွေးချယ်ရေးနှင့် အတည်ပြုခြင်းများ ဆက်လက်ပြုလုပ်ရမည် ဖြစ်ကြောင်း၊ NCS ၏ MoU သည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်သဖြင့် NCS

အနေဖြင့် စက်တင်ဘာ လအတွင်းသာ တာဝန်ယူဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နောက်ပိုင်း၌ အသစ်ဖြစ်ပေါ်လာမည့် အဖွဲ့အစည်းနှင့်အတူ ဆက်လက်လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၃။ ဆက်လက်၍ IA ရွေးချယ်၍ လက်မှတ်ရေးထိုးပြီးပါက Inception Report ထွက်ရှိခြင်း၊ သင်တန်းများကျင်းပခြင်း၊ Final Report (၄) ခုအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့၌ တင်ပြရမည်ဟု Timeline ရှိနေကြောင်း၊ MSG အနေဖြင့် EOI ခေါ်သည့်အချိန်တွင် Funding ရရှိပြီး အခြေအနေဖြစ်သင့်ကြောင်း၊ Funding ရရှိပြီးမှသာ EOI ခေါ်ရမည် ဖြစ်ကြောင်း၊ အဆိုပါကိစ္စများအား Donor Consultation Group နှင့် Work Plan and Governance အစည်းအဝေးတို့တွင် မည်ကဲ့သို့ ဆွေးနွေးမည်ကို လမ်းညွှန်သင့်ကြောင်း၊ MSG မှဆွေးနွေးပေးရန် တင်ပြရခြင်း ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MSG ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့မှ အဆိုပါ ရန်ပုံငွေလိုအပ်ချက်အပေါ် မည်ကဲ့သို့ အမြင်ရှိသည်ကို မေးမြန်းခဲ့သည်။ MSG ဥက္ကဋ္ဌမှလည်း မိမိတို့အနေဖြင့် အစီရင်ခံစာ (၄) ခုအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ကုန်ကျစရိတ်များလည်း ရှိလာမည်ဖြစ်သဖြင့် အစီရင်ခံစာများနှင့်ပတ်သက်၍ လက်ရှိထောက်ပံ့ပေးနေသည့် DFID ၊ DFAT ၊ World Bank နှင့် MOPFI တို့ ဆွေးနွေးနေဆဲဖြစ်ကြောင်း၊ MDTF ဆီမှလည်း ၂၀၂၂ ခုနှစ်၊ မတ်လနောက်ပိုင်းတွင် ဆက်လက်ကူညီ မည်ဟုလည်း သိရှိထားပြီး မည်သည့်အတိုင်းအတာအထိ ပံ့ပိုးနိုင်မည်ကို မသိရှိရသေးကြောင်း၊ အခြားသော Donor များကလည်း လက်ရှိအနေအထားအရ အနည်းအကျဉ်း ပံ့ပိုးကူညီနိုင်သည်များရှိကြောင်း၊ ထိုအခြေအနေများအား NCS အနေဖြင့် Donor Consultation Group မှတစ်ဆင့် နိုင်ငံတော်သို့ သိစေရန် တင်ပြထားသင့်ကြောင်း၊ MOPFI သို့လည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လိုအပ်ချက်၊ လက်ရှိအခြေအနေ စသည်တို့ကို ဖော်ပြ၍ တင်ပြထားသင့် ကြောင်း၊ ဦးဆောင်ကော်မတီမှတစ်ဆင့်လည်း နိုင်ငံတော်သိရှိရန် တင်ပြထားရန် လိုအပ်မည်ဖြစ်ကြောင်း စသဖြင့် လမ်းညွှန်ဆွေးနွေးခဲ့သည်။ ထို့နောက် **၂၀၂၂ ခုနှစ်၊ မတ်လနောက်ပိုင်း ထုတ်ပြန်မည့် (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ ပြုစုရေးအတွက် လိုအပ်သည့် ရန်ပုံငွေ ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လိုအပ်ချက်များ၊ လက်ရှိအခြေအနေ များအား စုစည်း၍ ဦးဆောင်ကော်မတီနှင့် နိုင်ငံတော်အဆင့်ဆင့်သို့ ဆက်လက်တင်ပြရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့တင်ပြရန်** ဆုံးဖြတ်ခဲ့သည်။ ထို့နောက် အရပ်ဘက် ကိုယ်စားလှယ် တစ်ဦးကလည်း ဤအစည်းအဝေးတွင် မိတ်ဖက်အဖွဲ့အစည်းများလည်း လာရောက် တက်ရောက်သောကြောင့် ၎င်းတို့အနေဖြင့် မည်သို့ ကူညီနိုင်သည်၊ ဖြေရှင်းနိုင်သည်ကို မေးမြန်း၍ ရနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

၅။ ကမ္ဘာ့ဘဏ်မှ ဆွေးနွေးရန်မရှိကြောင်း၊ DFID မှတာဝန်ရှိသူကလည်း Donor Consultation Group အစည်းအဝေးအား ကျင်းပ၍ ဆွေးနွေးစေချင်ကြောင်း၊ အဆိုပါအစည်းအဝေး၌ အသေးစိတ်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ DFAT နှင့် Nathan Associates မှတာဝန်ရှိသူကလည်း သီးသန့်ဆွေးနွေးရန်

အကြံပြုကြောင်း၊ NRGI မှ တာဝန်ရှိသူကလည်း Donor Consultation Group တွင် ဆွေးနွေးရန်သာအဆင်ပြေကြောင်း၊ NRGI အနေဖြင့် အခြားလုပ်ငန်းခွဲကော်မတီအစည်းအဝေး များတွင်လည်း တက်ရောက်ထားပြီးဖြစ်သဖြင့် MSG အစည်းအဝေးတွင်လည်း အခြားသီးသန့် ဆွေးနွေးရန် မရှိပါကြောင်း၊ Oxfam မှတာဝန်ရှိသူကလည်း Donor Consultation Group အစည်းအဝေးတွင်သာ ဆွေးနွေးသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် **၂၀၂၁ ခုနှစ်၊ မတ်လနောက်ပိုင်း ထုတ်ပြန်မည့် (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ ပြုစုရေးအတွက် လိုအပ်သည့် ရန်ပုံငွေကိစ္စနှင့် ပတ်သက်၍ နောက်တစ်ကြိမ် Donor Consultation Group အစည်းအဝေးတွင် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ဆွေးနွေးရန်နှင့် အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၁၅) ရက်နေ့ နေ့လည် (၁း၀၀) တွင် Online ဖြင့် စီစဉ်ကျင်းပရန်** ဆုံးဖြတ်ခဲ့ကြသည်။

၆။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MEITI ၌ Donor, Development Partners နှင့် ပတ်သက်၍ MSG အနေဖြင့် Positioning ချမှတ်ထားခြင်း ရှိ၊ မရှိ မေးမြန်းခဲ့သည်။ MSG အနေဖြင့် Donor များ၊ Development Partner များ၏ အခန်းကဏ္ဍများအား မူချထားသင့်ကြောင်း၊ မျှတစေရန်နှင့် လွှမ်းမိုးမှုများ မဖြစ်ပေါ်စေရန် ဆွေးနွေးထားသင့်ကြောင်း အကြံပြုခဲ့သည်။ MSG ဥက္ကဋ္ဌမှလည်း NCS အနေဖြင့် ချိတ်ဆက်ဆောင် ရွက်ပေးစေချင်ကြောင်း အကြံပြုခဲ့သည်။ စီမံကိန်းမန်နေဂျာ ကလည်း ယခုကတည်းက ရန်ပုံငွေစရှာဖွေပြီး ToR များ စတင်ရေးဆွဲ အကောင်အထည်ဖော်လျှင်ပင် အစီရင်ခံစာများအား အချိန်မီထုတ်ပြန်ရန် ရှန်းကန်ရမည်ဖြစ်ကြောင်း အသိပေးတင်ပြခဲ့သည်။ ဆက်လက်၍ **Donors ၊ Development Partners များနှင့်ပတ်သက်၍ Principals ဆိုင်ရာ အခေါ်အဝေါ် နှင့်အခန်းကဏ္ဍများအား NCS မှ ချိတ်ဆက် ညှိနှိုင်း၍ ပြုစုရန်နှင့် MATA မှလည်း အကြံပြုချက်များ ပေးပို့ရန်လည်း** ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

**(၁၁) MEITI Work Plan and Budget ၊ MEITI Long Term Work Plan နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အချို့အတွက် ဖွံ့ဖြိုးရေးမိတ်ဘက် အဖွဲ့အစည်းများမှ ဘဏ္ဍာငွေထောက်ပံ့ထားမှု အခြေအနေ အား ဆွေးနွေးတင်ပြခြင်း**

၁။ စီမံကိန်းမန်နေဂျာက ဆွေးနွေးတင်ပြရာ၌ Development Partner များထံမှ လက်ရှိပံ့ပိုးမှု ပမာဏအား တင်ပြလိုကြောင်း၊ Nathan Associate ထံမှ ဒေါ်လာ ၁၇၉,၂၀၀ ရရှိမည်ဟု သဘောတူညီ ချက်ရထားကြောင်း၊ Forest Trends မှ ဒေါ်လာ ၁၁,၀၀၀ အားပံ့ပိုးမည်ဟု ကိန်းဂဏန်း သိရှိထားပြီး ၎င်းတို့မှ သစ်တောအစီရင်ခံစာများ ထုတ်ပြန်ရန် Media briefing, report launch နှင့် review workshop တို့အတွက် ဒေါ်လာ ၄,၀၀၀ ခန့် ထပ်မံပံ့ပိုးနိုင်ရန် ရှိသေးကြောင်း၊ NRGI မှလည်း ဒေါ်လာ ၁၀,၀၀၀ ပံ့ပိုးကူညီမည်ဟု သဘောတူညီမှုရရှိထားကြောင်း ကနဦးတင်ပြခဲ့သည်။

၂။ လက်ရှိဘတ်ဂျက်နှင့် ထပ်မံရရှိမည့် ဘတ်ဂျက်များနှင့်ပတ်သက်၍ တင်ပြရနိုင် ကမ္ဘာ့ဘဏ်မှ လက်ရှိ၌ ဒေါ်လာ ၁.၁ သန်းကျော် ရှိနေသေးကြောင်း၊ အဆိုပါပံ့ပိုးမှု၌ Implementation cost, EITI Secretariat running cost (NCS နှင့် MOBD), Consultant fees များပါဝင်ကြောင်း၊ ၂၀၂၁ ခုနှစ်အထိ ဆိုပါက ဒေါ်လာ ၉၁၀,၀၀၀ ကျော်လိုနေကြောင်း၊ အစည်းအဝေးကုန်ကျစရိတ်များ၊ မသုံးစွဲဘဲ ကျန်နေသည့် ဘတ်ဂျက်များ ရှိနေသေးသဖြင့် မည်သည့်အတွက်ကြောင့်လိုနေသည်ကို မေးခွန်းထုတ်လာဖွယ်ရှိကြောင်း၊ မသုံးစွဲဘဲ ပိုနေသည့်ဘတ်ဂျက်များအား သုံးစွဲခွင့် ရ-မရမှာ မသေချာကြောင်း၊ အဆိုပါ ၉ သိန်းကျော်တွင် သစ်တောကဏ္ဍအစီရင်ခံစာများအတွက် လျာထားခြင်း မရှိသေးကြောင်း တင်ပြခဲ့သည်။

၃။ ကမ္ဘာ့ဘဏ်၏ လက်ရှိဘတ်ဂျက်၌ implementation cost ၊ NCS နှင့် MOBD တို့၏ office running cost များ၊ consultant အတွက် ကုန်ကျစရိတ်များပါဝင်ကြောင်း၊ implementation cost ၌ 4th MEITI Report and EITI Standard printing ၊ 4th MEITI Report launch ၊ MEITI Website ၊ MSG meeting ၊ sub-committee meeting ၊ BO task force meetings and trainings ၊ validation group meeting တို့ရှိကြောင်း၊ validation group အစည်းအဝေးအား COVID-19 ကြောင့် online ဖြင့်သာ ကျင်းပခဲ့သဖြင့် သုံးစွဲခဲ့ခြင်းမရှိကြောင်း၊ နောက်တစ်ခုသည် SOE workshop ဖြစ်ကြောင်း၊ ဒုတိယအကြိမ် SOE workshop ကျင်းပရန်အတွက် အချိန်ရွှေ့ဆိုင်းထားခဲ့ကြောင်း၊ template training များအားကျင်းပရန် ရှိကြောင်း၊ ထို့နောက် MOBD နှင့် NCS တို့၏ office running cost ဖြစ်ကြောင်း၊ အဆိုပါကုန်ကျစရိတ်တွင် ရုံးသုံးစရိတ်များနှင့်လစာစရိတ်များပါဝင်နေကြောင်း၊ စုစုပေါင်းဒေါ်လာ ၂၄၀,၀၀၀ ကျော်ရှိကြောင်း၊ စက်တင်ဘာလကုန်တွင် လစာစရိတ်များ ပြတ်တောက်သွားမည်ဖြစ်ကြောင်း၊ consultant fees များ၌ ပေးချေရန်ကျန်ရှိသည့်ဘတ်ဂျက်များနှင့် ပေးချေပြီးစရိတ်များပါဝင်ကြောင်း၊ Mining Cadaster Consultant ၊ 5th MEITI Report နှင့် 3rd and 4th MEITI Forestry Report များအတွက် IA ငှားရမ်းခများပါဝင်ကြောင်း၊ ထို့နောက် web portal consultant စရိတ်များဖြစ်ကြောင်း၊ အဆိုပါစရိတ်များအတွက် ဒေါ်လာ ၈ သိန်းကျော်ရှိကြောင်း၊ နောက်ဆုံးပြုလုပ်ခဲ့သည့် work plan and governance အစည်းအဝေးတွင် work plan အား သဘောတူထားကြောင်း၊ သဘောထားမှတ်ချက်များ လည်း ပေးရန် အဆိုပြုခဲ့ကြောင်း၊ နောက်ဆုံးအတည်ပြုချိန်တွင် world bank မှ အဆိုပြုလာသည့် ထပ်လိုအပ်သည့် Mining Cadaster အတွက် ဒေါ်လာ ၄၀,၀၀၀ အား ထည့်သွင်းရန် အကြံပြုထားသဖြင့် website တွင်လည်း အဆိုပါပမာဏအား ထည့်သွင်း၍ တင်ပြထားမည်ဖြစ်ကြောင်း စသဖြင့်တင်ပြခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း validation group အစည်းအဝေးကဲ့သို့ အစည်းအဝေးများအတွက် အသုံးမပြုခဲ့သည့် ပိုနေသည့်ဘတ်ဂျက်များအား online အတွက်လိုအပ်သည့်နေရာတွင် အသုံးပြုရန်အကြံပြုပါကြောင်း၊ ဥပမာ- အစိုးရဌာနများအတွက် သော်လည်းကောင်း၊ NCS အတွက် သော်လည်းကောင်း လိုအပ်သည့် account နှင့်တပ်ဆင်မှုများအတွက် အသုံးပြုနိုင်ပါက အသုံးပြု စေလိုကြောင်းအကြံပြုခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း ထိုအတွက် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှု

လုပ်ငန်းခွဲကော်မတီအစည်းအဝေးကျင်းပရန်လိုအပ်မည်ဖြစ်ပြီး account နှင့် online ဆိုင်ရာ နည်းပညာ လိုအပ်ချက်များအား ဆွေးနွေးတွက်ချက်ရန်လိုအပ်ပြီး ဘတ်ဂျက်နှင့်ပတ်သက်ပြီး သုံးစွဲ၍ ရ-မရ ကိုမူ MOBD ၊ World Bank တို့နှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် **အစည်းအဝေးမကျင်းပဖြစ်သဖြင့် အသုံးမပြုသည့် ဘတ်ဂျက်များအား Online အစည်းအဝေးများ အတွက် နည်းပညာဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုနိုင်ရန် အတွက် World Bank ၊ MOBD နှင့် NCS တို့ ညှိနှိုင်းဆောင်ရွက်ရန်၊ လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲ ကော်မတီ အစည်းအဝေး တစ်ခု ကျင်းပ၍ အသေးစိတ်ဆွေးနွေးရန်** စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

၅။ ဆက်လက်၍ စီမံကိန်းမန်နေဂျာက MDTF နှင့် အခြားမိတ်ဖက်အဖွဲ့များမှ ရန်ပုံငွေပံ့ပိုးသည့်အခါ၌ procurement လုပ်ငန်းစဉ်များ မတူညီကြကြောင်း၊ Nathan Associate မှလည်း ၎င်းတို့၏ procurement guideline များ မျှဝေထားသဖြင့် အစည်းအဝေးပြီးပါက ဆုံးဖြတ်ချက်များနှင့်အတူ ဖြန့်ဝေ တင်ပြမည်ဖြစ်ပါကြောင်း၊ NCS အနေဖြင့် World Bank ၏ procedure သာမက အခြား မိတ်ဖက်အဖွဲ့များ ၏ procurement များပါ လိုက်နာ ဆောင်ရွက်နေပါကြောင်း တင်ပြခဲ့သည်။

### (၁၂) NCS နှင့်ပတ်သက်သည့် စာရင်းစစ်အစီရင်ခံစာနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများအား ဆွေးနွေးတင်ပြခြင်း

၁။ ယခင်နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေး၌ NCS ၏ စာရင်းစစ် အစီရင်ခံစာ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေးမှ MSG တွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သဖြင့် အစီအစဉ်တွင် ပါဝင်လာခြင်းဖြစ်ကြောင်း၊ MOBD ဆီမှ အီးမေးလ်တစ်ခု ရရှိထား ကြောင်း၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးသို့ လိပ်မူ၍ ညှိနှိုင်းရေးမှူးရုံး၏ ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်၍ စာရင်းစစ်အစီရင်ခံစာအား ကမ္ဘာ့ဘဏ်၊ MOBD နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့သည် ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်ပါသဖြင့် လတ်တလောတွင် ပေးပို့နိုင်ခြင်းမရှိပါကြောင်း လမ်းညွှန်ချက်အရ အကြောင်းပြန်ကြားအပ်ပါသည်ဟု အီးမေးလ် လက်ခံရရှိထားပါကြောင်း၊

၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ရှေ့ဆက်လုပ်မည့်လုပ်ငန်းများအတွက် အမြန်ဖြေရှင်းနိုင် ရန် လိုအပ်ကြောင်း၊ MSG အနေဖြင့် NCS အား တာဝန်ခံရသည့်အတွက် သိရှိသင့်ကြောင်း၊ အခြား ကိုယ်စားလှယ်တစ်ဦးကလည်း Donor Consultation Group အစည်းအဝေးမတိုင်မီ သိရှိထားပါမှ ရှင်းလင်းနေမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်စီမံခန့်ခွဲမှုသည် MSG မှတာဝန်ခံရသောကြောင့် MSG အနေဖြင့် သိထားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဘာသာပြန်သည့်အဆင့်ရောက်နေသည့်တိုင် မသိရှိရသည့် အတွက် အဆင်မပြေကြောင်း၊ Donor Consultation group အစည်းအဝေးမတိုင်ခင် သိရှိနေရန် လိုအပ် ကြောင်း ဆွေးနွေးခဲ့သည်။

## (၁၃) ပုလဲကဏ္ဍမှ မြန်မာတာဆာကီကုမ္ပဏီ၏ လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း

၁။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးတင်ပြရာ၌ မြန်မာတာဆာကီကုမ္ပဏီနှင့်ပတ်သက်ပြီး ဆလုံတိုင်းရင်းသားမှ စာဖြင့် အကူအညီတောင်းထားမှုရှိကြောင်း၊ မြန်မာတာဆာကီကုမ္ပဏီမှလည်း အစည်းအဝေး ဖိတ်ခဲ့ကြောင်း၊ အစည်းအဝေး တက်ရောက်သည့်အခါ၌ ဝင်ခွင့်မပေးခဲ့ကြောင်း၊ အစည်းအဝေး၌ ၎င်းတို့မှ အစည်းအဝေးမှတ်တမ်း တစ်ခါတည်းရေးသားလာပြီး လက်မှတ်ထိုးရန် ပြင်ခဲ့ကြကြောင်း၊ သို့သော် ဒေသခံများထံမှ သဘောတူညီမှုမရခဲ့သည်ကို မိမိတို့ MATA ကြောင့် ဟု ပြောလာခဲ့ကြောင်း၊ ထို့အတွက် ဤအစည်းအဝေး၌ တရားဝင် မေးမြန်းချင်ကြောင်း၊ တနင်္သာရီတိုင်းအစိုးရအဖွဲ့မှ အစည်းအဝေးမဖိတ်ပါဟု ဆိုလာသဖြင့် သယံဇာတကိစ္စများနှင့် ပတ်သက်လာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဖိတ်ကြားပါက ဝင်ပါ၍ရသည်ကို ပြောကြားစေလိုကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ MATA အနေဖြင့် တရားဝင်စာဖြင့်လည်း ရေးသားတင်ပြမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးတွင်လည်း ပါဝင် တက်ရောက်လိုပါကြောင်း တင်ပြခဲ့ သည်။

၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း စာဖြင့်လည်းတင်ပြမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်း၌ SNU ဖွဲ့စည်းထားမှုရှိကြောင်း၊ သယံဇာတကိစ္စနှင့်ပတ်သက်၍ ကိစ္စရပ်များဖြစ်လာပါက SNU များအနေဖြင့် တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍကွဲပြားစွာသိရှိမနေကြောင်း၊ မိမိတို့တိုင်း အနေဖြင့် အစိုးရဌာနအတွင်းရေးမှူးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် ပါဝင်နေမှုမရှိ နေကြောင်း၊ အစည်းအဝေးမှတ်တမ်းများပြန်ကြည့်ပါက တစ်ကြိမ်တစ်ခါမှ မတက်ရောက်ထားသည်ကို တွေ့ရှိနေကြောင်း၊ EITI နှင့် MATA ၏ သဘောသဘာဝများကို နားမလည်ပါက တိုင်းနှင့်ပြည်နယ်များတွင် ပြဿနာများကြုံတွေ့နိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအစိုးရများအား ဤသဘောသဘာဝများအား ရှင်းလင်းပြောကြားထားစေလိုကြောင်း ဆွေးနွေးခဲ့သည်။ သတ္တုတွင်းဦးစီးဌာနသို့လည်း သီးခြားစာများ ပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ပုလဲကဏ္ဍမှ မြန်မာတာဆာကီ ကုမ္ပဏီ၏ လုပ်ဆောင်နေမှုများ နှင့်ပတ်သက်၍ ကန့်ကွက်စာအား MATA မှ ပေးပို့ရန် ဆုံးဖြတ်ခဲ့ကြသည်။

၃။ မြန်မာပုလဲလုပ်ငန်းမှ အထွေထွေမန်နေဂျာကလည်း မြန်မာတာဆာကီကုမ္ပဏီနှင့်ပတ်သက်၍ သက်တမ်းတိုးရန်အတွက် ဒိုမယ်နှင့်စစ်စတာဂရုဟူ၍ နှစ်မျိုးရှိကြောင်း၊ စစ်စတာဂရုမှ S1, S2, S3 ၌ S1 ကို သက်တမ်းတိုးရန်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအရ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ ၁/၂၀၂၀ အစည်းအဝေးဖြင့် ဧရိယာ (၁) နှင့်စပ်လျဉ်း၍ ဒေသခံများအတွက် ရေရှည်တည်တံ့သောဝင်ငွေအလို့ငှာ စီမံချက်ရေးဆွဲရန်အတွက် ညွှန်ကြားထားပါကြောင်း၊ စီမံချက်ရေးဆွဲရန်အတွက် ဒေသခံဆလုံရွာသားများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ အကြေအလည် ဆွေးနွေးပြီးမှ အကောင်အထည်ဖော်နိုင်မည့်အခြေအနေကို ပြန်လည်တင်ပြပါဟု ညွှန်ကြားထားပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၉-၅-၂၀၂၀ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အစည်းအဝေးပြုလုပ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး

ဦးလှထွေး၊ တိုင်းအတွင်းရေးမှူး ဦးခင်မောင်ကျော်တို့ ပါဝင်ကြောင်း၊ လင်နီးကျေးရွာမှ ဦးသိန်းဇံ ကျေးရွာတာဝန်ခံ၊ ရပ်မိရပ်ဖ ဖြစ်သည့် ဦးမြင့်လွင်၊ ဦးမိုးဇော်ဦး နှင့် ဦးခါဘူး တို့ တက်ရောက်ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်း ဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင် နှင့် မြန်မာတာဆာကီမှ (၆) ဦး တက်ရောက်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပိုင် စီးပွားရေးအရ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ပထမဆုံးအကြေအလည်ဆွေးနွေးပါဟု ကြိုတင်ပြောထားသဖြင့် ဆွေးနွေးပြီး နောက်ရလဒ်အား ပြန်လည်တင်ပြမည်ဖြစ်ကြောင်း၊ ထို့နောက် သတ်မှတ်ဧရိယာအား ခွင့်ပြုခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အကျဉ်းချုပ်တင်ပြခဲ့ သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်များကလည်း မည်သည့်အတွက်ကြောင့် အစည်းအဝေးအား MATA သို့ ဖိတ်ကြား၍ အမှန်တကယ် တက်ရောက်သည့်အခါ မတက်ရောက်ရန် ပိတ်ပင်၍ သိက္ခာချသည့်ပုံစံမျိုးဖြစ် သွားစေသည်ကို သိရှိလိုကြောင်း၊ ဖိတ်ကြားစာလည်းမိမိတို့တွင်လက်ဝယ်ရှိကြောင်း၊ ဖိတ်ကြားသဖြင့် ကိုယ်စားလှယ်တက်ရောက်ရန် လွှတ်ရကြောင်း၊ မြန်မာတာဆာကီကုမ္ပဏီမှလည်း ဖုန်းထပ်ဆက်သွယ် လာပြီး မိမိတို့ကြောင့် အဆင်မပြေသလိုပြောဆိုခဲ့ပြီး တောင်းပန်မှုလည်းပြုခဲ့ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ သက်သေအထောက်အထားများနှင့် တရားဝင်စာပေးပို့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာတာဆာကီမှ အစိုးရအဖွဲ့ရုံးနှင့်ညှိနှိုင်းတွေ့ဆုံခြင်းဖြစ်ပြီး မြန်မာ့ပုလဲမှ စီမံကျင်းပသည့်အစည်းအ ဝေးမဟုတ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

၅။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မြန်မာတာဆာကီကုမ္ပဏီမှ ရွာသို့သွားသည့်အခါ စာချုပ်နှစ်မျိုးဖြင့်သွားရောက်သည်ဟု သိရကြောင်း၊ တွေ့ဆုံ၍ အရန်သင့်လက်မှတ်ထိုးခိုင်းကြကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး မြန်မာ့ပုလဲအနေဖြင့် မည်သို့ သဘောထားရှိသည်ကို မေးမြန်းခဲ့ရာ၌ မြန်မာ့ ပုလဲမှတာဝန်ရှိသူက စာချုပ်သက်တမ်းတိုးမည်ဆိုပါက သုံးနှစ်အချိန်ယူရကြောင်း၊ သုံးနှစ်တွေ့ရှိချက် များအပေါ်မူတည်၍ သက်တမ်းတိုးသင့်-မသင့် စဉ်းစားရကြောင်း၊ ကျန်လိုအပ်ချက်များဖြစ်သည့် ကျေးရွာ ထောက်ခံချက်များလည်းလိုအပ်ကြောင်း၊ ဧရိယာ စာချုပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြေစာရင်း အဖွဲ့များနှင့်တိုင်းတာ၍ အစိုးရအဖွဲ့၏ သဘောထားများလည်း မေးမြန်းပြီးမှသာ ဆောင်ရွက်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မြန်မာပုလဲလုပ်ငန်းနှင့် သီးသန့် ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

## (၁၄) Validation လုပ်ငန်းစဉ်နှင့်ပတ်သက်သော Corrective Action (၁၂) ချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအားဆွေးနွေးခြင်း

၁။ နည်းပညာညှိနှိုင်းရေးမှူးမှ တင်ပြရာ၌ validation နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလမတိုင်မီ ပြုပြင်ပြောင်းလဲရမည့်အချက် (၁၂) ချက်ရှိပါကြောင်း၊ validation အစည်းအဝေး (၂) ကြိမ် ပြုလုပ်ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်၌ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၈) ရက်နေ့တွင်လည်းကောင်း၊

ဒုတိယအကြိမ်အား မေလ (၂၈) ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ကြောင်း၊ ဒုတိယအကြိမ်၌ ဆုံးဖြတ်ချက် (၁၀) ချက်ချမှတ်ခဲ့ပြီး (၁) အချက်သည် corrective action ၁.၂ နှင့်ပတ်သက်ပြီး ကုမ္ပဏီများ ပိုမိုပူးပေါင်းပါဝင်ရန် ကိစ္စအား ဆုံးဖြတ်ထားကြောင်း၊ (၂) MEC နှင့် MEHL တို့၏ ရပ်တည်ချက်နှင့်ပတ်သက်၍ NCS မှ စာရေးသားပေးပို့ရန်ဆုံးဖြတ်ထားကြောင်း၊ NCS မှ စာကြမ်းပြင်ဆင်ထားကြောင်း၊ (၃) အချက်သည် corrective action ၁.၃ နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးသို့ စာရေးသားပေးပို့ရန်နှင့် call တွေ့ဆုံနိုင်ရန်အတွက်စီစဉ်ရန်ဖြစ်ကြောင်း၊ (၄) အချက်သည် ၂.၃ နှင့်ပတ်သက်၍ လိုင်စင်ချထားပေးရေးနှင့်ပတ်သက်၍ နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာစံနှုန်းများ၊ ကျောက်စိမ်းမူဝါဒနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့်ကြန့်ကြာနေမှုသည့်အကြောင်းရင်းများအား MONREC သို့ စာရေးသားရန် ၊ (၅) အချက်၌ 2.3 License Register နှင့်ပတ်သက်၍ နောက်ပိုင်း အစီရင်ခံစာများ၌ ကုမ္ပဏီအမည်များအစား ကုမ္ပဏီမှတ်ပုံတင်နံပါတ်များဖြင့် ဖော်ပြရန်နှင့် လိုအပ်သည့် Follow up များ ပြုလုပ်ရန်၊ (၆) အချက်၌ ထုတ်လုပ်မှုနှင့်တင်ပို့မှုဒေတာများအား သက်ဆိုင်ရာ ဝက်ဆိုဒ်စာမျက်နှာတွင် ထုတ်ပြန်နိုင်ရန်အတွက် MGE မှ ပြန်လည် အကြောင်းပြန်ကြားပေးရန်နှင့် ထုတ်ပြန်မည့်အချိန်အား တင်ပြရန်၊ (၇) အချက်အနေဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက် ကျောက်စိမ်းနှင့်သတ္တုကဏ္ဍတို့၏ ဒေတာများအား သက်ဆိုင်ရာဝက်ဆိုဒ်များတွင် အများပြည်သူ သိရှိအောင် သက်ဆိုင်ရာ ဝက်ဆိုဒ်များတွင် ထုတ်ပြန်နိုင်ရန် အတွက် Timeline ဖြင့် သတ်သတ် မှတ်မှတ် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ Follow up ပြုလုပ်ရန်၊ (၈) အချက်အနေဖြင့် OA နှင့် ပတ်သက်သည့် စာရင်းပိတ်သိမ်းသည့်လုပ်ငန်းစဉ်များ၊ စာရင်း စစ်ဆေးခြင်း Audit Report များအား အများပြည်သူသိရှိစေရန်အတွက် သက်ဆိုင်ရာဝက်ဆိုဒ်တွင် Timeline နှင့်အညီ တင်ပြနိုင်ရန်အတွက် MOPFI ဝန်ကြီးဌာနသို့ စာရေးသားရန်၊ (၉) အချက်အနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးထားသည့် သယံဇာတ တူးဖော်ထုတ်လုပ်သည့် SEE များ၏ Other Account စာရင်းပိတ် လက်ကျန်များအား SEE မှ ပေးပို့ရန် နှင့် စာရင်းစစ်ထားသည့် အစီရင်ခံစာများအား ထုတ်ပြန်နိုင်ရန် အတွက်ဆောင်ရွက်ရန်၊ (၁၀) အချက်အနေဖြင့် National budget ပြင်ပ extractive revenues အဓိပ္ပာယ်သတ်မှတ် ချက်ရှင်းလင်းစေရန်၊ Corrective Action 6.2 Quasi-Fiscal Expenditures ၌ National budget ပြင်ပ QFE အဓိပ္ပာယ်သတ်မှတ်ချက်ရှင်းလင်းစေရန် တို့နှင့် ပတ်သက်၍ Study ပြုလုပ်ရန်ဖြစ်ကြောင်း၊ Nathan Associate မှအဆိုပြုခဲ့သည့် နည်းပညာဆိုင်ရာ တင်ပြအကြံပြုချက်များနှင့် ပံ့ပိုးမှုများအား ရယူရန်လည်း သဘောတူခဲ့ကြောင်း စသဖြင့် တင်ပြခဲ့သည်။

၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း validation group အစည်းအဝေး၌ corrective action ၁.၃ နှင့်ပတ်သက်၍ နိုင်ငံတကာ EITI ရုံးမှလည်း ဆွေးနွေးခဲ့ကြောင်း၊ ထိုနေ့၌ တင်ပြခဲ့သည့် power point များအား မျှဝေပေးနိုင်မည်ဆိုပါက ကောင်းမွန်မည်ဖြစ်ကြောင်း၊ အမှန်တကယ် လက်တွေ့ကျကျကြည့်မည်ဆိုပါက ပြင်ရ မည့်အချက်များစွာရှိကြောင်း၊ corrective action ၁.၃ နှင့် ပတ်သက်၍ orientation meeting ၌ ၎င်းတို့နှင့် ပြန်လည်ဆွေးနွေးခဲ့သည့်အခါ indicator တစ်ခု ပြန်လည်သတ်မှတ်ရန်ဆိုပြီး ပြောကြားထားကြောင်း၊ ဆွေးနွေးထားသည့်အချက်များ ထိထိ

ရောက်ရောက် အကောင်အထည် ဖော်နိုင်ခြင်းမရှိသေးခြင်း၊ တပ်မတော်ပိုင် အဖွဲ့အစည်းများ၏ ရပ်တည်ချက်များနှင့်ပတ်သက်၍လည်း အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြောင်း၊ ကရင်ပြည်နယ်မှ ကိုစောလှဘိုးအား ၅၀၅ (ခ) နှင့် တရားစွဲဆိုထားခြင်း၊ မီဒီယာမှ ကိုသာလွန်ဇော်ထက်အား အကြမ်းဖက် ဥပဒေနှင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ကိုမျိုးလွင်အား ပုဒ်မ (၁၉) နှင့်ဆက်ပြီး တရားစွဲသည့်ကိစ္စတို့အား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တွေ့သည့်အခါတွင်လည်း တင်ပြမည်ဖြစ်သကဲ့သို့ indicator အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်မည် ဖြစ်ကြောင်း အရပ်ဘက်အဖွဲ့အစည်းကိုယ်စားတင်ပြအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာ ကလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် စာရင်းစစ်ဝင်နေသဖြင့် ခွင့်တိုင်ထားသဖြင့် corrective action ၁.၃ နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးနိုင်မည် မဟုတ်ကြောင်းလည်းတင်ပြခဲ့သည်။

၃။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း In-kind payment နှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်များက အစီရင်ခံစာတွင်ပါဝင်ပြီးဖြစ်ကြောင်း၊ သို့သော် စာရင်းစစ်မခံရသေးသည့် ဒေတာများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို မေးမြန်းဆွေးနွေးခဲ့ပြီး စာရင်းစစ်ပြီးပါက ဖွင့်ဟထုတ်ပြန်ရန် ပြဿနာမရှိကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း corrective action များအား timeline နှင့်အညီဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်း ဆွေးနွေးခဲ့သည်။ ထို့နောက် Validation **Corrective Actions များအား Timeline နှင့်အညီ ဖော်ပြဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ စာရေး သားပေးပို့ရန်** ဆုံးဖြတ်ခဲ့ကြသည်။

## (၁၅) Contract Transparency လုပ်ငန်းစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ တင်ပြခြင်းဆွေးနွေးခြင်း

၁။ NRGI မှ Mr. Hosana Chay မှ တင်ပြရာ၌ contract transparency နှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်မှ ယနေ့အထိ ဆောင်ရွက်ခဲ့သည်များကို အကျဉ်းချုပ်တင်ပြလိုပါကြောင်း၊ ၂၀၁၉ စံနှုန်းတွင် စာချုပ်စာတမ်းများအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ထုတ်ပြန်ရမည်ကို ပါဝင်လာကြောင်း၊ လက်ရှိအသက်ဝင်နေဆဲစာချုပ်များအား ထုတ်ပြန်ရမည်ဖြစ်ပြီး ထုတ်ပြန်ပြီးစာချုပ်စာရင်းနှင့် မထုတ်ပြန်ရသေးသည့်စာချုပ်စာရင်းများအား ပြုစုထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မတိုင်မီ ထုတ်ပြန်ထားသည့် စာချုပ်များအား ထုတ်ပြန်နိုင်ရန် တိုက်တွန်းထားကြောင်း၊ စာချုပ်၌ PSC များ၊ လိုင်စင်များ၊ ခွင့်ပြုမိန့်များ၊ exploration စာချုပ်များ၊ production စာချုပ်များ စသည့် သယံဇာတဆိုင်ရာ စာချုပ်များ ပါဝင်ပြီး နောက်ဆက်တွဲများလည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ ယင်းတွင် ပတ်ဝန်းကျင်နှင့် စပ်လျဉ်းသည့် EIA ၊ SIA တို့လည်း ပါဝင်မည်ဖြစ်ကြောင်း၊

၂။ ဆက်လက်၍ contract transparency work plan ၌ (၁၃) ချက်ပါဝင်ပြီး (၅) ခုသည် ပြီးစီးနေပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများသို့ NCS မှ ပေးပို့၍ ကြိုတင်ပြင်ဆင်နိုင်ရန် ဆောင်ရွက်ထားကြောင်း၊ ပြီးခဲ့သည့်အစည်းအဝေးတစ်ခုမှ သမ္မတရုံးအမိန့်ကြော်ငြာစာထွက်ရှိ၍ ထုတ်ပြန်ဆောင်ရွက်ရန် ဆုံးဖြတ်

ထားသဖြင့် သမ္မတရုံးအမိန့်ကြော်ငြာစာမူကြမ်းရေးဆွဲပြင်ဆင်ထားကြောင်း၊ Legal review နှင့် ပတ်သက်၍ Nathan Associate မှ BO Disclosure နှင့်ပတ်သက်၍ legal review ဆောင်ရွက်ရာ၌ contract disclosure အတွက် Legal review ပြုလုပ်နိုင်ရန် လျာထားကြောင်း၊ ထို့ကြောင့် work plan တွင်လည်း လျာထားကြောင်း၊ capacity building နှင့်စပ်လျဥ်း၍ ဆောင်ရွက်ရန် လျာထားသော်လည်း COVID-19 အခြေအနေများကြောင့် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လိုင်စင်ထုတ်ပြန်သည့်လုပ်ငန်းစဥ်တွင် contract ထုတ်ပြန်မှုနှင့်ပတ်သက်၍ စာချုပ်တွင်သတ်မှတ်ထည့်သွင်းရန်နှင့် legal view အရ ထုတ်ပြန်ရန် ကန့်သတ်ထားမှုများအား ဥပဒေအရ ကြိုတင်ပြင်ဆင်ထားရန်အတွက် ဆက်တိုက် ဆောင်ရွက်သွားရန် ပြင်ဆင်ထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

၃။ NCS ၏ BO Coordinator မှ ဆက်လက်တင်ပြရာ၌ ၂၀၁၉ စံနှုန်း ၂.၄ တွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စ၍ ခွင့်ပြုပေးလိုက်သော၊ စာချုပ်ချုပ်ဆိုလိုက်သော၊ အသက်ဝင်သော စာချုပ်များအား ထုတ်ပြန်ရမည်ဖြစ်ကြောင်း ဖော်ပြထားကြောင်း၊ သမ္မတအမိန့်ကြော်ငြာစာအပေါ် သက်ဆိုင်ရာ ဌာနများ၊ အသင်းချုပ်များ၊ ကုမ္ပဏီများအား ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားကြောင်း၊ ဥပဒေရေးရာ အတားအဆီးများနှင့်စပ်လျဥ်း၍ စာချုပ်စာတမ်းများထုတ်ပြန်ရာတွင် confidentiality clause များ၊ ပြည်သူများသို့ ချပြ၍ မရသည့်အချက်များ စသည်တို့အား ယခင်အစည်းအဝေးများတွင် ဆွေးနွေးခဲ့သည်များရှိကြောင်း၊ ထို့နောက် မည်ကဲ့သို့သော စာချုပ်အမျိုးအစားများအား ထုတ်ပြန်မည်ကို လည်း စဥ်းစားထားရန် လိုအပ်ကြောင်း၊ sub-contract များအား ထုတ်ပြန် သင့်၊ မသင့်ကိုလည်း ဆွေးနွေး ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ရှေ့နေချုပ်ရုံးထံမှ သဘောထားမှတ်ချက်ကိုလည်း တောင်းခံသွားမည်ဖြစ် ကြောင်း၊ ၂၀၂၁ ခုနှစ် မတိုင်မီ စာချုပ်များအား ထုတ်ပြန်နိုင်ရန်အတွက်လည်း ကြိုတင်ညှိနှိုင်းသွားရမည် ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် စာချုပ်စာတမ်းများအား ထုတ်ပြန်နိုင်ရန်အတွက် စုစည်းပြင်ဆင် သွားရမည်ဖြစ်ပြီး အချိန်ဇယားနှင့်အညီ ထုတ်ပြန်နိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်ကြောင်း၊ licensing agencies များအနေဖြင့် လိုင်စင်ချထားပေးသည့်အခါ စာချုပ်ထုတ်ပြန်နိုင်ရန်အတွက် တစ်ပါတည်း လုပ်ဆောင်သွားရန် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။ စီမံကိန်းမန်နေဂျာက သမ္မတအမိန့်ကြော်ငြာစာအား ပေးပို့ဖြန့်ဝေထားပြီးဖြစ်သဖြင့် သဘောထားမှတ်ချက်များ ပြန်လည် ပေးပို့ နိုင်ကြောင်းလည်း တင်ပြခဲ့သည်။

၃။ MOGE မှ ဒုတိယအထွေထွေမန်နေဂျာကလည်း ယခင်အပတ်အတွင်း၌ Contract transparency နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ MOGE အနေဖြင့် စာချုပ်များအား ချုပ်ဆိုထားသည့်ကုမ္ပဏီများ နှင့်ညှိနှိုင်းပြီးမှသာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း၊ စာချုပ်ချုပ်ရာတွင် နှစ်ဖက်လုံးမှ စောင့်ထိန်းရသည်များ ရှိကြောင်း၊ သို့သော် နိုင်ငံတော်မှ လိုအပ်၍ ထုတ်ပြန်ခိုင်းပါက ထုတ်ပြန်နိုင်ကြောင်း၊ တရားရုံးများမှ တောင်းပါက ထုတ်ပြန်နိုင်ကြောင်း၊ အစိုးရအဖွဲ့အစည်း ( government authority) မှ တောင်းဆိုပါက ထုတ်ပြန်၍ ရကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ MOGE မှ ချုပ်ဆိုထားသော စာချုပ်များသည် အစိုးရကိုယ်စား SOE အနေဖြင့် ချုပ်ဆိုထားသည့်အတွက် ဝန်ကြီးဌာနအဆင့်ဆင့်ညှိနှိုင်းပြီး သက်ဆိုင်ရာ

ဌာနအဆင့်ဆင့် သဘောထားမှတ်ချက်တောင်းခံပြီးနောက် အစိုးရအဖွဲ့သို့တင်ပြတောင်းခံပြီးမှ ထုတ်ပြန်၍ ရမည်ဖြစ်ကြောင်း၊ သာမန်အားဖြင့် contractual obligation အား နှစ်ဖက်စလုံးမှ စောင့်ထိန်းရမည်ဖြစ်ကြောင်း၊ သို့သော် တိုင်းပြည်တွင် ဥပဒေအရ ထုတ်ပြန်ရမည်ဆိုပါက ထုတ်ပြန်နိုင်ပြီး ဌာနအနေဖြင့် ရေနံစူးစမ်းရှာဖွေခြင်းဆိုင်ရာဥပဒေကြမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ အဆိုပါဥပဒေရေးဆွဲသည့်အခါတွင်လည်း ဝန်ကြီးဌာနသည် transparency ရှိစွာဆောင်ရွက်ရမည်ဟု ပါရှိထားကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုင်စင်ဖြင့် ဆောင်ရွက်သည်များမရှိကြောင်း၊ MIC နှင့် ခွင့်ပြုချက်ရပြီးနောက် ဌာနနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာမှုအတွက် guideline ပေးထားခြင်းရှိသည်ကို တင်ပြလိုကြောင်း စသဖြင့် ဆွေးနွေး တင်ပြခဲ့သည်။

၄။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း သမ္မတရုံးအမိန့်ကြော်ငြာစာပေးပို့သည့်အခါ ဝန်ကြီးရုံးစာရင်းများ မပါသည်ကို တွေ့ရကြောင်း၊ ထည့်သွင်းထားသင့်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အသိအမြင်မျှဝေထားရန်လိုအပ်ပြီး မည်ကဲ့သို့ သတင်းအချက်အလက်မျှဝေထားမည်ကို စဉ်းစားထားသင့်ကြောင်း၊ EITI အလို့ငှာ စာချုပ်ဖွင့်ဟရမည်ဆိုပါက နိုင်ငံခြားကုမ္ပဏီများလျှင်ပင် တွန့်ဆုတ်တတ်သဖြင့် ကြိုတင်အသိပေးထားသင့်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လက်ရှိဥပဒေများအရ စာချုပ်ထုတ်ပြန်မှုအား မထုတ်ပြန်ဝံ့သည့် အခြေအနေမရှိသင့်ကြောင်း ဆွေးနွေးခဲ့သည်။

၅။ စီမံကိန်းမန်နေဂျာကလည်း ကုမ္ပဏီများသို့ ဖိတ်ကြားသည့်အခါတွင်လည်း သက်ဆိုင်ရာဌာနများမှ ကူညီဖိတ်ကြားပေးရန်လည်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦး ကလည်း ယခင် contract transparency အစည်းအဝေးတွင်လည်း ဆွေးနွေးပြီးဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် နိုင်ငံတကာကုမ္ပဏီတစ်ခုခုမှ သဘောမတူပါက တိုက်ရိုက်မေးမြန်းလိုကြောင်း၊ ယခုအချိန်တွင် အွန်လိုင်းမှတစ်ဆင့်အစည်းအဝေးများ ပြုလုပ်နေသဖြင့် အမြင်ဖွင့်အစည်း အဝေးများလည်း ပြုလုပ်၍ ရကြောင်းလည်း ဆွေးနွေးခဲ့သည်။ MOGE မှ တာဝန်ရှိသူကလည်း လက်ရှိအခြေအနေအရ တင်ပြခြင်းဖြစ်ပြီး မည်သည့်ကုမ္ပဏီမှ သဘောမတူသည်ကို ဖော်ပြလိုခြင်း မဟုတ်ဘဲ စာချုပ်ပါအနေအထားအရ တင်ပြခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **Contract Transparency နှင့်ပတ်သက်၍ သမ္မတရုံးအမိန့် ကြော်ငြာစာမူကြမ်းအား ဒုတိယအကြိမ် Contract Transparency အစည်းအဝေးတွင် အသေးစိတ်ဆက်လက် ဆွေးနွေးရန်နှင့် သမ္မတရုံးအမိန့်ကြော်ငြာစာမူကြမ်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တောင်းခံသည့်စာရင်း၌ သက်ဆိုင်ရာဝန်ကြီးဌာနများအား ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့ကြသည်။

၆။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း စာချုပ်ဖွင့်ဟခြင်းနှင့်ပတ်သက်၍ အစိုးရဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကန့်သတ်ထားမှုများရှိနိုင်သကဲ့သို့ ကုမ္ပဏီများဘက်မှလည်း ထိခိုက်နစ်နာနိုင်သည့် ethical အခြေအနေများရှိပါကလည်း ကြိုတင်ပြောကြားထားရန် လိုအပ်ကြောင်း၊

မည်သည့် confidentiality များရှိသည်ကို ဖော်ပြထားသင့်ကြောင်း၊ သတ္တုနှင့်စပ်လျဉ်း၍ MONREC ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များသည် လိုင်စင်ချထားပေးခြင်းနှင့် စာချုပ်စာတမ်းကိစ္စများအား အကြိမ်များစွာဆွေးနွေးနေကြောင်း၊ အစိုးရနှင့်လုပ်ငန်းရှင်များအနေဖြင့် အပြန်အလှန် ရည်ရွယ်ချက်များရှိကြောင်း၊ ရည်ရွယ်ချက်များအား မိအောင် သွားနိုင်မှ အဆင်ပြေမည်ဖြစ်ပြီး အားလုံးလက်ခံနိုင်မည့် မူကိုပြင်ဆင်ရန်လိုအပ်ကြောင်း၊ အဆိုပါမူအား ရှေ့နေချုပ်ရုံးတွင် တည်ပြီးနောက် အပြန်အလှန် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ခွင့်ပြုမိန့်ထုတ်သည့်အခါ နိုင်ငံတော်နှင့် လုပ်ငန်းရှင် ချုပ်ဆိုရမည်ဖြစ်ပြီး၊ စာချုပ်ချုပ်ဆိုသည့်အခါ နိုင်ငံတော် ၊ SOE နှင့်ကုမ္ပဏီများ အပြန်အလှန်ဆွေးနွေးချုပ်ဆိုရကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ရမည်ဖြစ်သဖြင့် ကန်ထရိုက်စာချုပ်များအား မည်သည့်အတွက်ကြောင့် ချပြနိုင်-မနိုင်ကိုလည်း ဆွေးနွေးထားရမည်ဖြစ်ကြောင်း၊ NRGI ၏ အခန်းကဏ္ဍကို ရှင်းလင်းစေချင်ကြောင်း ဆွေးနွေးခဲ့သည်။

၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MOGE ၏ ဘက်မှ ဆွေးနွေးသည့်အတိုင်း နားမလည်၍ မေးမြန်းခြင်းဖြစ်ကြောင်း၊ ခက်ခဲသည့်နေရာရှိပါက မည်ကဲ့သို့ ကျော်လွှားနိုင်မည်ကို စဉ်းစားရန် အဖြေရှာ ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သမ္မတရုံးအမိန့်ကြော်ငြာစာအား ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း လုပ်ငန်းရှင် ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် ဖြေကြားရာ၌ အသစ်ချုပ်မည့် စာချုပ်များအတွက် မည်ကဲ့သို့ စီစဉ်ထားသည်ကို မိမိအနေဖြင့် သေချာ မသိသေးကြောင်း၊ စာချုပ်တစ်ခုအား ထုတ်ပြန်ရာတွင် PDF ဖြင့် တင်သကဲ့သို့ မည်ကဲ့သို့ ထုတ်ပြန်သင့်သည်ကို ပြန်လည်ဆွေးနွေးရန်လည်း ကုမ္ပဏီများနှင့် ဆွေးနွေးရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ သည်။

၈။ NRGI ၏ အခန်းကဏ္ဍအနေဖြင့် Facilitation အဆင့်သာရှိကြောင်း၊ စံနှုန်းအရ ၂၀၂၁ ခုနှစ်မတိုင်ခင် စာချုပ်များအား ထုတ်ပြန်ရန်တိုက်တွန်းထားကြောင်း၊ MSG အနေဖြင့် ထုတ်ပြန်မည်၊ မထုတ်ပြန်မည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်သည့်အပေါ်မူတည် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

**(၁၆) ဒုတိယအကြိမ် BO အချက်အလက်များ ဖွင့်ဟ ဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကျဉ်းချုပ်ဆွေးနွေးခြင်း**

၁။ ဒုတိယအကြိမ် BO အချက်အလက်များ ဖွင့်ဟနိုင်ရန်အတွက် website developer ငှားရန် evaluation team ဖွဲ့ထားကြောင်း၊ အဆိုပါအဖွဲ့တွင် DICA ၊ NRGI ၊ Nathan Associate ၊ BO Task Force မှ ကိုယ်စားလှယ် (၂) ဦး တို့ပါဝင်ထားကြောင်း၊ လက်ရှိအနေအထားအရ evaluation team မှ ပေးပို့လာသည့်မှတ်ချက်များအား စုစည်းနေသည့်အဆင့်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာက ကနဦးအကျဉ်းချုပ် တင်ပြခဲ့သည်။

၂။ Nathan Associate မှ ဆွေးနွေးတင်ပြရာ၌ ဒေတာစုစည်းရန်နောက်ဆုံး deadline အား ၃-၆-၂၀၂၀ ရက်နေ့ဟု သတ်မှတ်ထားကြောင်း၊ သို့သော် အဆိုပါနေ့တွင် အကုန်မစုစည်းနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့၌ အကုန်စုစည်းနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထို့နောက် ရလဒ်စုစည်း၍ evaluation team မှ ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထွက်လာသည့် ရလဒ်အပေါ် အားလုံးသဘောတူပြီးမှ successful developer အား ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ရွေးချယ်လိုက်သည့်အဖွဲ့နှင့်လည်း တစ်ကြိမ်တွေ့ဆုံ၍ လုပ်ငန်းတာဝန်များအား ဆွေးနွေးမည်ဖြစ်ကြောင်း၊ ယနေ့စုစည်း၍ လာမည့်အပတ်တွင် သုံးသပ်နိုင်မည်ဟု မျှော်လင့်ကြောင်း တင်ပြခဲ့သည်။

## (၁၇) IMF Proposal ကိစ္စရပ်နှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း

BO Task force သို့လည်း အကြံပြုချက်တောင်းခံထားမှုများရှိကြောင်း၊ BO Task Force မှလည်း MSG သို့ ဆက်လက်တင်ပြရန် ဆွေးနွေးထားသဖြင့် အစည်းအဝေးအစီအစဉ်တွင် လျာထားခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း IMF ကိစ္စနှင့်ပတ်သက်၍ International Secretariat နှင့် ဥက္ကဋ္ဌတို့ ဆွေးနွေးထားသည်များရှိသဖြင့် international secretariat အား IMF ကိစ္စသည့် မည်သူနှင့် သက်ဆိုင်သည်ကို မေးမြန်းလိုက်သည့်အခါ EITI ၏ အလုပ်ဟု အကြောင်းပြန်သဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းသို့ချပြပါက ပိုကောင်းပါကြောင်း၊ BO တွင်လည်း PEPs များ ဖော်ပြရမည်ဖြစ်သဖြင့် ဆောင်ရွက်သင့်ကြောင်း၊ လက်ခံလိုက်ပါက နိုင်ငံဂုဏ်သိက္ခာအတွက်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဘက်ကလည်း မှတ်ချက်မရှိကြောင်း၊ MOGE ဘက်မှလည်း ဆွေးနွေးစရာမရှိကြောင်း ဆွေးနွေးခဲ့ကြပြီး **IMF Proposal အား လက်ခံရန် CSO နှင့် ပုဂ္ဂလိကကဏ္ဍများမှ သဘောတူပြီး ကျန်ကဏ္ဍမှ မှတ်ချက်မရှိကြောင်းမှတ်တမ်းတင်ခဲ့သည်။**

## (၁၈) Organizational Structure Development Consultant ငှားရမ်းမှုနှင့်ပတ်သက်၍တင်ပြခြင်း

စီမံကိန်းမန်နေဂျာက တင်ပြရာ၌ ၁၇-၂-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၀ ရက်နေ့အထိ EOI အား ပထမအကြိမ် ကြော်ငြာခဲ့ကြောင်း၊ ၄-၃-၂၀၂၀ ရက်နေ့တွင် selection group မှ ဆွေးနွေးခဲ့ရာတွင် လျှောက်ထားသူ (၃) ခုသာ ရှိခဲ့ပြီး အရေအတွက်နည်းပြီး qualified မဖြစ်ဟု ယူဆသဖြင့် ၁၂-၃-၂၀၂၀ ရက်နေ့မှ ၂၅-၃-၂၀၂၀ ရက်နေ့အထိ ပြန်လည်ကြော်ငြာခဲ့ကြောင်း၊ (၆) ဦးထပ်မံလျှောက်ထားလာကြောင်း၊ ထို့ကြောင့် ထပ်နေသည်များ ရှိသဖြင့် (၈) ဖွဲ့ရှိကြောင်း၊ selection group မှ ရွေးချယ်ရာတွင် Michael Barron, EMR Research အဖွဲ့အား ဦးစား ပေးရွေးချယ်ခဲ့ကြောင်း၊ OD Consultant selection တွင် Nathan Associate ၊ NRGI နှင့် NCS တို့မှလည်း ပံ့ပိုးပါဝင်ခဲ့ပြီး ၁၈-၅-၂၀၂၀ ရက်နေ့၌ ပြုလုပ်ခဲ့သည့်အစည်းအဝေး၌ တစ်ဖွဲ့ထက် ပို၍ သုံးသပ်ခဲ့ကြောင်း၊ Emma Irwin မှလည်း စိတ်ဝင်စားမှု

အားဖော်ပြ၍ မေးမြန်းလာသည့်အတွက် ၎င်းနှင့် ၂၅-၅-၂၀၂၀ ရက်နေ့၌ တွေ့ဆုံ မေးမြန်းခဲ့ကြောင်း၊ selection group အနေဖြင့် တွေ့ဆုံမှုအရ ရွေးချယ်သင့်သည်ဟု ဆုံးဖြတ်ခဲ့သဖြင့် ၂၉-၅-၂၀၂၀ ရက်နေ့၌ အတည်ပြုချက်ပေးခဲ့ကြပြီး NCS အနေဖြင့် Emma Irwin အား ရွေးချယ်သည့်အကြောင်း ၃-၅-၂၀၂၀ ရက်နေ့၌ အသိပေးခဲ့ကြောင်း၊ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းအား Nathan associate နှင့်ထပ်မံဆွေးနွေး သွားရန်ရှိကြောင်း၊ OD Consultant Hiring Process အား အဓိက ရန်ပုံငွေပေးသည်မှာ Nathan Associate ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။ Consultant မှ အစီရင်ခံစာထွက်ရှိလာပါက ဦးဆောင်ကော်မတီမှတစ်ဆင့် အဆင့်ဆင့်သို့ တင်ပြသွားမည် ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

## (၁၉) Mining Cadastere လုပ်ငန်းစဉ်နောက်ဆုံးအခြေအနေအား တင်ပြခြင်း

၁။ နည်းပညာတာဝန်ခံမှတင်ပြရာ၌ Mining Cadastre Phase II အား ဆောင်ရွက်ရာ၌ MOPFI နှင့် Spatial Dimension တို့သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ (၄) ရက်နေ့၌ စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်ချုပ်ဆိုပြီးနောက်တွင် ဖေဖော်ဝါရီလ (၂၅) ရက်မှ မတ်လ (၄) ရက်နေ့အထိ Consultant မှ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လုပ်ငန်းခွဲကော်မတီများနှင့် တွေ့ဆုံခဲ့ကြောင်း၊ လက်ရှိအနေဖြင့် spatial dimension ဖြစ်သည့် consultant မှ weekly report အား (၄) ကြိမ်တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ Mining Cadastre sub-committee အစည်းအဝေးအား (၂) ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ မေလ (၄) ရက်နေ့နှင့် မေလ (၂၂) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊ ထိုနောက် draft inception report အား မေလ (၁၃) ရက်နေ့တွင် ရရှိခဲ့ပြီး လုပ်ငန်းခွဲကော်မတီသို့လည်း ပေးပို့ထားပြီးဖြစ်ကြောင်း၊ ထို့နောက် comments များအား မေလ (၂၇) ရက်နေ့တွင် consultant ထံသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အရေးတကြီး ဆောင်ရွက်ရန်အချက်များ အနေဖြင့် Gem sector နှင့်ပတ်သက်၍ NRGI ၏ ဒေတာများအား cadastre system သို့ အမြန်လွှဲပြောင်းနိုင်ရန်ဖြစ်ကြောင်း၊ ထို့နောက် mining cadastre လုပ်ငန်းများ မလည်ပတ်မီ cadastre agency ဖွဲ့စည်းနိုင်ရန်သည်လည်း အရေးကြီးကြောင်း၊ mining cadastre procedure အနေဖြင့် update ပြုလုပ်ထားရန်နှင့် mining cadastre office space သည်လည်း အရေးကြီးကြောင်း၊ Project risk အနေဖြင့် သင်တန်းများ၊ တွေ့ဆုံဆောင်ရွက်ရန်ကိစ္စများအတွက် အွန်လိုင်းဖြင့်သာ ဆောင်ရွက်ရသည့်အတွက် အခက်အခဲဖြစ်နေကြောင်း၊ project timeline အရ ၂၀၂၁ ခုနှစ် ၊ မတ်လ (၃၁) ရက်အမီ ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲတစ်ခုဖြစ်နိုင်ကြောင်း၊ အဆင့်အားဖြင့် (၆) ခုရှိသည့်အတွက် (၅) ခု ကျန်ရှိနေသေးကြောင်း၊ အချိန်နှင့်အညီပြီးနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဆွေးနွေးရန် လိုအပ်ကြောင်း တင်ပြခဲ့သည်။

၂။ မေလ (၂၂) ရက်နေ့ Mining Cadastre အစည်းအဝေးနှင့် မေလ (၂၇) ရက်နေ့ နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေးတို့တွင် ဆွေးနွေးမှုအရ ချုပ်ဆိုထားသည့်စာချုပ်အား တောင်းခံရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့ကြောင့် NCS အနေဖြင့် မေလ (၂၇) ရက်နေ့တွင် MOPFI ထံသို့ စာချုပ်တောင်းခံ ထားကြောင်း၊ လက်ရှိအချိန်ထိ လက်ဝယ်ရရှိခြင်း မရှိသေးကြောင်း၊ မေလ (၄)

ရက်နေ့၌ စတင်၍ NCS ၊ Mining Cadastre sub-committee နှင့် consultant တို့မှ monthly meeting ပြုလုပ်ခဲ့ကြောင်း၊ ဇွန်လ (၁) ရက်နေ့တွင် နောက်တစ်ကြိမ်အစည်းအဝေးပြုလုပ်ရန်အတွက် မေလ (၂၈) ရက်နေ့တွင် consultant ဆီသို့ စာရေးသားဖိတ်ကြားခဲ့ရာ၌ Consultant မှ MONREC ထံမှ အတည်ပြုချက်ရယူပြီးမှသာ အစည်းအဝေးပြုလုပ်နိုင်မည်ဖြစ်ကြောင်း အကြောင်းပြန်လာသဖြင့် Mining Cadastre လုပ်ငန်းခွဲ ကော်မတီသို့လည်း မျှဝေပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် MSG ကိုယ်စားလှယ်များအနေဖြင့် Mining Cadastre လုပ်ငန်းစဉ်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို လမ်းညွှန်ပေးစေလို ကြောင်းတင်ပြခဲ့သည်။

၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Mining Cadastre နှင့်ပတ်သက်၍ စာချုပ်ဆိုင်ရာ သဘောအရ MONREC နှင့် consultant တို့သာ တိုက်ရိုက်ဆောင်ရွက်သွားမည့်ပုံစံဖြစ်သဖြင့် လုပ်ငန်းခွဲကော်မတီ၏ အခန်းကဏ္ဍအား စဉ်းစားရမည်ဖြစ်ကြောင်း၊ စာချုပ်သည်လည်း တောင်းခံထားဆဲအနေအထားတွင် ရှိသေးသဖြင့် မည်သည့်အခြေအနေရှိသည်ကို မသိရသေးကြောင်း၊ cadaster agency ဖွဲ့ရန်နှင့်ပတ်သက် ၍ မည်သည့်အတိုင်းအတာထိ ဆောင်ရွက်မည်ကို ဆွေးနွေးပြီး မူဝါဒအားဖြင့် ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်များ မှ ဆုံးဖြတ်သင့်ကြောင်း၊ မည်သည့်အတိုင်းအတာအထိ ကျကျနနနိုင်နိုင်သုံးမည်မှာ အရေးကြီးကြောင်း တင်ပြခဲ့သည်။ ထို့နောက် **Mining Policy နှင့် Mining Cadastre Agency ကိစ္စရပ်များအား MOREC ဝန်ကြီးသို့ Mining Cadastre Sub-committee လမ်းညွှန်ချက်အရ NCS မှ စာရေးသားမေးမြန်းရန်** ဆုံးဖြတ်ခဲ့သည်။

၄။ သတ္တုကဏ္ဍကိုယ်စားလှယ်တစ်ဦးကလည်း တင်ပြရာ၌ ဝန်ကြီးဌာန၌ ရွေးချယ်လုပ်ငန်းစဉ်၌ မိမိအပါအဝင်၊ ကျောက်မျက်မှ ဦးသက်ခိုင်၊ DGSE မှ ဒေါက်တာမြင့်စိုးနှင့် ဦးဇော်မင်းလွင် တို့ ပါဝင်ခဲ့ကြောင်း၊ Implementation အဆင့်အနေဖြင့် Mining Cadaster Working Group ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်ပြီး သက်ဆိုင်ရာ အေဂျင်စီများမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများက အဖွဲ့ဝင်များအဖြစ်ပါဝင်၍ ဆောင်ရွက်နေကြောင်း၊အစည်းအဝေး (၅) ကြိမ် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ EITI လုပ်ငန်းစဉ် ရပ်တန့်သွားပါက Cadastre မရပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ COVID-19 ကြောင့် အွန်လိုင်းမှသာ ဆက်သွယ်ဆောင်ရွက်နေရကြောင်း၊ အနည်းဆုံး တစ်ပတ် တစ်ကြိမ် Consultant နှင့် အစည်းအဝေးလုပ်ဖြစ်ကြောင်း၊ cadaster agency နှင့်ပတ်သက်၍ Autonomous နှင့် non-autonomous ဟူ၍ အကြံပြုထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သီးခြားဌာန တစ်ခုဖွဲ့စည်းရန် အလွန်ခဲယဉ်းကြောင်း၊ အစိုးရအဖွဲ့သို့တင်ပြခြင်း၊ လွှတ်တော်သို့တင်ပြခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဌာနခွဲတစ်ခုအနေဖြင့် သတ္တုတွင်းဦးစီးဌာန၊ DGSE စသည့် ဌာနတစ်ခုခုအောက်တွင် ဒါရိုက်တာအဆင့်မှ အုပ်ချုပ်၍ ဆောင်ရွက်ရန် အကြံပြုချက်တောင်းခံထား ကြောင်း၊ ဝန်ထမ်းမည်မျှခန့်အပ်ရန်လိုအပ်မည်၊ Deputy director မည်မျှ၊ AD မည်မျှ ထားသင့်သည်ကို အကြံပေးခိုင်းထားကြောင်း၊ Final Inception Report ကိုလည်း ဇူလိုင်လ (၈) ရက်ခန့်တွင် အပြီးသတ် ပေးနိုင်ရန် ပြောကြားထားကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၅။ ဆက်လက်၍ ၎င်းမှ ဇွန်လ (၃) ရက်နေ့တွင်လည်း World Bank မှ Mr. Mortan နှင့် MONREC တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ၎င်းမှလည်း အချိန်မမီမှာ စိတ်ပူနေကြောင်း၊ နောက် (၂) ပတ်ခန့်တွင် Consultant ပါဝင်၍ skype တွေ့ဆုံ ဆွေးနွေးရန် သဘောတူထားကြောင်း၊ မိမိတို့ဘက်မှလည်း Mining Cadastre အောင်မြင်စေရန် ထဲထဲဝင်ဝင်ဆောင်ရွက်နေကြောင်း၊ အခက်အခဲရှိနိုင်သည်များကို MOPFI သို့ စာရေးသားပေးပို့ထားကြောင်း၊ ရှေ့ဆက်၍လည်း Consultant ၊ MONREC တို့နှင့် ညှိနှိုင်း၍ အောင်မြင်စေရန် ဆောင်ရွက်သွားမည်ကို ကတိပြုပါကြောင်းလည်း ဆွေးနွေးပြောကြားခဲ့သည်။

၆။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သာဓကအနေဖြင့် ကျောက်မျက်မူဝါဒကဲ့သို့ ဖြစ်မည် စိုးရိမ်သဖြင့် ဝန်ကြီးကဲ့သို့ ကတိကဝတ်ပြုနိုင်မည့်သူတစ်ဦးထံမှ မည်ကဲ့သို့ အသုံးပြုမည်ကို သိရှိရပါက ပိုမို အဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့အပြင် သတ္တုမူဝါဒ ရေးဆွဲနေသည်ဟု ကြားသိရသဖြင့် အဆိုပါ Cadastre နှင့်မည်ကဲ့သို့ ချိတ်ဆက်သွားမည်ကို ကွဲပြားသွားစေရန် လိုအပ်ကြောင်း၊ အားလုံးဝိုင်းဝန်း ဆောင်ရွက်ထားသဖြင့် အသုံးမဝင်မည်ကို စိုးရိမ်ကြောင်း၊ ပြီးနောက် Local consultant ဖြစ်သည့် Valentis သည် PanAust ကုမ္ပဏီနှင့်တွဲဖက်လုပ်ကိုင်သည်ဟု သိရှိထားကြောင်း၊ အခြားသတ္တုတူးဖော်မှု များတွင် ပါဝင်ပတ်သက်နေသဖြင့် Conflict of Interest ရှိနိုင်သဖြင့် မည်ကဲ့သို့ စဉ်းစားထားသည်ကို သိရှိလိုကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။

၇။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ပထမအချက်ဖြစ်သည့် ကတိကဝတ်နှင့်ပတ်သက်ပြီး မည်ကဲ့သို့ အသုံးချမည်နှင့်ပတ်သက်ပြီး အားလုံးပူးပေါင်း၍ ဝန်ကြီးဌာနသို့ အကြံပြုပါက ကောင်းမွန် မည်ဟု ဖြေကြားလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် Valentis သည် contract စနစ်ဖြင့် Phase by Phase သွားသဖြင့် Conflict of interest ရှိ၊ မရှိအား မသေချာနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ Valentis နှင့်ပတ်သက်၍ သီးခြားမေးမြန်းမည်ဖြစ်ကြောင်းလည်း အရပ်ဘက် ကိုယ်စားလှယ်မှ ဆွေးနွေး ခဲ့သည်။

၈။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း Valentis နှင့်စပ်လျဉ်း၍ ယခင်ကတည်းက ၎င်းအဖွဲ့ သည် ပါလာခြင်း ဟုတ်-မဟုတ် နှင့် ယခုမှသာ ပါလာသည်လား ဆိုသည်ကို ကွဲပြားစွာ သိလိုကြောင်း မေးမြန်းခဲ့ပြီး အစိုးရကိုယ်စားလှယ်ကလည်း RFP တင်ကတည်းက TRIMBLE နှင့်တွဲ၍ Valentis မှ တွဲ၍ ပါလာကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း World Bank အနေဖြင့် ထိုကဲ့သို့ ကိစ္စများနှင့်ပတ်သက်၍ မည်ကဲ့သို့ လုပ်ထုံးလုပ်နည်းများရှိသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

၉။ World Bank မှ တာဝန်ရှိသူက ရွေးချယ်မှုစတင်ကတည်းက ပါဝင်ခဲ့သည်ကို DGSE မှ ဒေါက်တာမြင့်စိုးမှ ထောက်ပြခဲ့ကြောင်း၊ သို့သော် Local Partner ဖြစ်သာပါဝင်ခြင်းဖြစ်ကြောင်း၊ ယခု အခြေအနေအရ Valentis မှ ထဲထဲဝင်ဝင်လုပ်နေရကြောင်း၊ သေချာစိစစ်ပြီးမှသာ ရွေးချယ်ခဲ့ခြင်း

ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ Conflict of interest အနေဖြင့် မရှိကြောင်း၊ Trimble နှင့်သာ တိုက်ရိုက် ဆောင်ရွက်ကြောင်း၊ Coordination နှင့် GIS လောက်သာ Local Consultant မှ ပါဝင်ရကြောင်း၊ ဒေတာအပိုင်း၌ Trimble ကသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၁၀။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း Mining Cadastre လုပ်ငန်းခွဲကော်မတီ၏ အခန်းကဏ္ဍနှင့် သုံး-မသုံးသည် မရှင်းလင်းသဖြင့် မေးမြန်းခဲ့ရာ၌ ဝန်ကြီးဌာနသို့ မေးမြန်းရန် အကြံပြုခဲ့သည်။ အစိုးရ ကိုယ်စားလှယ်တစ်ဦးကလည်း မေးလိုသောမေးခွန်းများအား သေချာရေးသားသင့်ကြောင်း၊ Mining Cadastre လုပ်ငန်းခွဲကော်မတီသည် ထိတွေ့မှု နည်းသဖြင့် နားလည်မှုလိုအပ်နေသည်များ ရှိနိုင်သဖြင့် ချိန်ညှိ ဆောင်ရွက်ရန် အကြံပြုခဲ့သည်။ အချို့နိုင်ငံများတွင် Cadastre Law ဟူ၍ သီးသန့်ရှိကြောင်း၊ ဥပဒေအပေါ်အခြေခံ၍ Agency သီးသန့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် Cadastre ဟူသော သီးသန့် အသုံးအနှုန်းမတွေ့ရကြောင်း၊ သေချာသုံးသပ်မှုလည်း ပြုစေချင်ကြောင်း တင်ပြခဲ့သည်။ သတ္တုကဏ္ဍ ကိုယ်စားလှယ်မှလည်း ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်ဦးစီးပြီး ဆောင်ရွက်နေသည့်အတွက် သုံး-မသုံး မေးခွန်းအား မေးမြန်းစရာ မလိုဟု ထင်မြင်ကြောင်း၊ ဒေတာလုံခြုံရေးလည်း ဂရုစိုက်ကြောင်း၊ ဝန်ထမ်း အင်အားလည်း အားသွန်ခွန်စိုက် ကြိုးပမ်းနေကြောင်း ဖြေကြားဆွေးနွေးခဲ့သည်။ ထို့နောက် "**Mining Cadastre စီမံကိန်းသည် MEITI လုပ်ငန်းစဉ်အောက်တွင် ပါဝင်နေသဖြင့် Mining Cadastre စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု၊ အစီရင်ခံတင်ပြခြင်း စသည့် မေးခွန်းများကို MOREC ဝန်ကြီးသို့ MSG အနေဖြင့် မေးမြန်းရန်၊ မေးခွန်းများအား အရပ်ဘက်ကဏ္ဍနှင့် လုပ်ငန်းရှင် ကဏ္ဍ တို့မှ စာကြမ်းပြုစု၍ MSG သို့ ဖြန့်ဝေ၍ သဘောထား မှတ်ချက်တောင်းခံရန်**" ဆုံးဖြတ်ခဲ့ကြသည်။

## (၂၀) ဖွဲ့စည်းပြီးဖြစ်သော SNU (၆) ခုမှ နာယကများက လုပ်ငန်းစဉ်ဆောင်ရွက်ချက် အနှစ်ချုပ် အားတင်ပြခြင်း

၁။ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်မှ ဆွေးနွေးတင်ပြရာ၌ ၁၈-၂-၂၀၁၈ ခုနှစ်၌ SNU အား ဖွဲ့စည်းခဲ့ကြောင်း၊ မိမိအနေဖြင့် နာယကအနေဖြင့် ပါဝင်ကြောင်း၊ အတွင်းရေးမှူးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဖြစ်နေသည့်အတွက် ၂၇-၁၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း SNU အစည်းအဝေး (၅) ကြိမ် နှင့် ၂၀၂၀ ပြည့်နှစ်တွင် (၁) ကြိမ်ကျင်းပခဲ့ကြောင်း၊ လူထုတွေ့ဆုံပွဲအဖြစ် သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီး ကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာကော်မတီလွှတ်တော် ကိုယ်စားလှယ် အား အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာကိစ္စအား ညှိနှိုင်း ဖြေရှင်းနေကြောင်း၊ မြစ်သားမြို့နယ်၊ ကန့်ဆယ်တွင် သက်ဆိုင်ရာဌာနများပါဝင် တရားမဝင် တူးဖော်နေသည်များအား ဖြေရှင်းဆောင်ရွက်နေကြောင်း၊ Mining Cadastre ကိုလည်း စိတ်ဝင် စားကြောင်း၊ Format မရှိသေးသဖြင့် တိုင်းအဆင့်အနေဖြင့် ပါဝင်ကူညီ၍ မရသေးကြောင်း၊ BO ကိုလည်း

စိတ်ဝင်စားကြောင်း၊ တိုင်းအဆင့်အနေဖြင့် E-government ဖြစ်သော်လည်း EDMF ပင် အတော် ဆောင်ရွက်နေရသည့်အခြေအနေသာဖြစ်ကြောင်း၊ သတ္တုလုပ်ကွက်အနေဖြင့် ၈-၅-၂၀၂၀ ရက်နေ့၌ အသေးစား ရွှေလုပ်ကွက် (၂) ကွက်နှင့် လက်လုပ်လက်စား ရွှေ (၄) ကွက် ချထားပေး နိုင်ခဲ့ကြောင်း၊ နောက်ဆုံးအနေဖြင့် လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးပြောကြားသကဲ့သို့ Implementation မြန်မြန် ဆောင်ရွက်နိုင်ပါရန် အကြံပြုပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှလည်း အကြံပြုချက်များအား မှတ်သားထား၍ လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့သည်။

၂။ တနင်္သာရီတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်မှ တင်ပြရာ၌ နာယက ကိုယ်စား တင်ပြရခြင်းဖြစ်ကြောင်း၊ ၁၇-၄-၂၀၁၈ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ အကောင်အထည်ဖော်မှုအပိုင်း၌ ပထမအကြိမ်အစည်းအဝေးတွင် Work Plan ချမှတ်ခဲ့ကြောင်း၊ အတွင်းရေးမှူးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့တွင် မတက်ရောက် ခဲ့ကြောင်း၊ SNU အနေဖြင့် အားနည်းမှုရှိခဲ့ကြောင်း၊ သတ္တုလုပ်ကွက်စိစစ်ရေး အစီရင်ခံစာများအပေါ် အခြေခံ၍ သတ္တုတွင်းဦးစီးဌာန၊ ပုလဲနှင့် သစ်လုပ်ငန်း၊ MOGE တို့သည် အဖွဲ့ဝင်အနေဖြင့် ပါဝင်သင့်ကြောင်း၊ မပါဝင်သဖြင့် အားနည်းနေ သေးကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များ၏ ပိုမိုပူးပေါင်းမှုအားကောင်းကြောင်း၊ Public debate တစ်ကြိမ်ကျင်းပခဲ့ကြောင်း၊ အသေးစားနှင့်လက်လုပ်လက်စားတို့နှင့်ပတ်သက်၍ MATA ၏ ကူညီမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် (၅) မြို့နယ်တွင် လုပ်ငန်းရှင်များအား အသိအမြင် ဖွင့်ခြင်း လုပ်ငန်းများအား ချပြဆွေးနွေးဖို့ စီစဉ်ထားကြောင်း တင်ပြခဲ့သည်။

၃။ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာနမှ ကချင်ပြည်နယ် SNU ၏ နာယကကိုယ်စား ဆွေးနွေး တင်ပြရာ၌ ကချင်ပြည်နယ် SNU အား ၄-၃-၂၀၂၀ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၈-၅-၂၀၂၀ ရက်နေ့ ၌ SNU မှ SNU နာယက၊ ကချင်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ အစိုးရကိုယ်စားလှယ်များနှင့်လုပ်ငန်းရှင်ကိုယ်စားလှယ်များပါဝင်၍ ဖားကန့်ဒေသ (ဖားကန့်/လုံးခင်း ရတနာမြေ) ရှိ ရွှေ့ပြောင်းအလုပ်သမားများတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အရ ရွှေ့ပြောင်း အလုပ်သမားများအတွက် ပြန်လည်နေရာချထားမည့်သတ်မှတ်နေရာ များအား ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံးချထားနိုင်ရန်၊ ရတနာနယ်မြေအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ CSR လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများအား ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၃-၆-၂၀၂၀ ရက်နေ့တွင်လည်း ပထမအကြိမ် ကချင်ပြည်နယ် SNU အစည်းအဝေးအား ကျင်းပခဲ့ပြီး လုပ်ငန်း အစီအစဉ် ရေးဆွဲရေးကိစ္စများအပါအဝင် အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း၊ ဒုတိယ အကြိမ် အစည်းအဝေးအား ၂၆ နှင့် ၂၇-၆-၂၀၂၀ ရက်နေ့တွင် နှစ်ရက်တာကျင်းပရန် စီစဉ်ထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

၄။ SNU အဖွဲ့ဝင်တစ်ဦးမှ ဆွေးနွေးရန် အဆိုပြုလာသည့်အပေါ် စီမံကိန်းမန်နေဂျာက အစည်းအဝေးသို့ နာယကအား ဖိတ်ကြားခဲ့ခြင်း ဖြစ်ပြီး ပြောကြားလိုသည်များအား နာယကမှတစ်ဆင့် ဆွေးနွေးစေလိုကြောင်း၊ အချိန်အကန့်အသတ်အရ အဖွဲ့ဝင်များအနေဖြင့် လေ့လာသူ အဖြစ်သာ ပါဝင်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းလည်း ပြောကြားခဲ့သည်။ ရည်ရွယ်ချက်ရှိရှိနှင့် မဆွေးနွေး ခိုင်းခြင်း မဟုတ်ပါကြောင်းလည်း တင်ပြခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း အချိန်အခက်အခဲအား နားလည်ပါကြောင်း၊ သို့သော် နောက်ပိုင်းတွင် အချိန်သီးသန့်လျာထား စေချင်ကြောင်း၊ ၎င်းတို့၏ အရေးပါမှုအား ထည့်သွင်း စဉ်းစားစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း SNU များအား ဖိတ်ကြားရာတွင် နာယကကိုသာ ဦးတည်ဖိတ်ကြားခဲ့ပြီး နာယက မတက်ရောက်နိုင်ပါက နာယက၏ တာဝန်ပေးချက်အရ ဆွေးနွေးပေးရန် ရည်ရွယ်ခဲ့ကြောင်း စသဖြင့် ဖြေကြားဆွေးနွေးခဲ့သည်။

## (၂၁) အထွေထွေဆွေးနွေးခြင်း

၁။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း NCS အနေဖြင့် နိုင်ငံအဆင့်အဖွဲ့အစည်း ဖြစ်သော်လည်း ကိုယ်ပိုင် Zoom account ရှိသင့်ကြောင်း၊ ထို့အပြင် အစည်းအဝေးအတွင်းတွင် အချို့တက်ရောက်သူများအနေဖြင့် စကားမဆင်မခြင် ပြောဆိုမှုများလည်းရှိနေသဖြင့် အစည်းအဝေးနှင့်ပတ်သက်၍ ကျင့်ဝတ်အား ရေးဆွဲထားသင့်ကြောင်း အကြံပြုခဲ့သည်။ ထို့နောက် **Online အစည်းအဝေးများ ကျင်းပရာ၌ လိုက်နာရမည့် အစည်းအဝေးကျင့်ဝတ်များအား ပြုစု၍ ဖြန့်ဝေရန်** ဆုံးဖြတ်ခဲ့ကြသည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း စစ်ကိုင်းတိုင်း SNU ၏ NCS နှင့် MSG သို့ (၃) ကြိမ်မြောက်အစည်းအဝေးမှတ်တမ်းနှင့်အတူ တောင်းဆိုထားသည်များရှိကြောင်း၊ အဆိုပါဒေတာများအား ညှိနှိုင်းဆောင်ရွက်ပေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ **စစ်ကိုင်းတိုင်း SNU မှ တင်ပြချက်အား ဆက်လက်ဆောင်ရွက်ရန်**လည်း ဆုံးဖြတ်ခဲ့သည်။

## (၂၂) မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း

၁။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌမှ နိဂုံးချုပ်စကားပြောကြားရာ၌ အချိန်လင့်သည့်အထိ တက်တက်ကြွကြွဆွေးနွေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ EITI လုပ်ငန်းစဉ်များသည် တစ်နှစ်နှင့်တစ်နှစ် လုပ်ငန်းများ ကျယ်ပြန့်လာကြောင်း၊ MSG ၏ အခန်းကဏ္ဍသည်လည်း ပို၍ အပင်ပန်းခံပြီး လုပ်ရမည့် အပိုင်းများရှိလာကြောင်း၊ အခန်းကဏ္ဍအားဖြင့် သုံးပွင့်ဆိုင်ဖြစ်ပြီး ဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Working Committee ၊ Leading Committee တို့မှ တစ်ဆင့် နိုင်ငံတော် သို့ အသိပေးတင်ပြစရာ ရှိသည်များအား တင်ပြရ မည်ဖြစ်ကြောင်း၊ EITI Standard

နှင့် Validation Process အရလိုအပ်လာသည့် Corrective Action များကို ဖြည့်ဆည်း လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အချိန်မီ မပြီးနိုင်သည့် အခြေအနေများ၊ ဥပဒေ၊ ပတ်ဝန်းကျင်နှင့် လူ့အစွမ်းအား အရင်းအမြစ် အဆင့်သင့် မဖြစ်သေးသည့် အပိုင်းများ ရှိနေသေးသော်လည်း ပေါင်းစပ်ညှိနှိုင်း၍ ကျော်လွှား ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်း များတွင် ဖြစ်အောင် ပြုလုပ်မည်ဟု ဆန္ဒရှိပါက မည်ကဲ့သို့နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို တွေးတော ကြံဆ၍ အောင်မြင်အောင် ပြုလုပ်၍ ရကြောင်း၊ မူလကတည်းက အလုပ်ကိုကြည့် ၍ မလုပ်ချင်သည့် ဆန္ဒရှိပါက ခက်ခဲလိမ့်မည်ဖြစ်ကြောင်း၊

၂။ ဌာနများအနေဖြင့် မိမိ တို့အပေါ် မလွဲမရှောင်သာ ကျလာသည့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အဆင့်သင့်မဖြစ်သေးပါက မည်သည့်နည်းလမ်း များဖြင့် ဆောင်ရွက်မည်လဲ ဆိုသည်ကို ကြံဆ၍ ပွင့်ပွင့်လင်းလင်းအသိပေး ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လာမည့် (၆) ကြိမ် မြောက်နှင့် (၇) ကြိမ် မြောက် အစီရင်ခံစာအတွက် ဘဏ္ဍာရေးလိုအပ်ချက် များအား ဆက်လက်ဆွေးနွေးရမည် ဖြစ်ကြောင်း၊ လက်ရှိ NCS အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိဆောင်ရွက်ရန် ရှိနေပြီး နောက်ပိုင်းလအလိုက် ဆောင်ရွက် သွားမည့် MSG Meeting များတွင် ဆက်လက်ဆွေးနွေးရန်လိုအပ်ကြောင်း၊ SNU များအတွက် Awareness ပြုလုပ်ရမည့်အပိုင်းတွင် NCS အနေဖြင့် အဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ တစ်ဆင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများသို့ အကြောင်းကြားရမည့်စာ ထွက်ပေးရန်လိုအပ်ပါက ပြည်ထောင်စု အစိုးရထံတင်ပြနိုင်ရေးအတွက် မိမိတို့ ဝန်ကြီးဌာနသို့ NCS မှ တင်ပြပေးရန် လိုကြောင်း၊ Contract Transparency လုပ်ငန်းစဉ်သည်လည်း ဆောင်ရွက်ရမည့် စံနှုန်း လိုအပ်ချက်တစ်ခု ဖြစ်ပြီး တည်ဆဲဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သမ္မတရုံး အမိန့်ကြော်ငြာစာထုတ်ပြန်ရန်အတွက် နိုင်ငံတော်သမ္မတရုံးမှထုတ်ပေးနိုင်သည့် အဆင့်ထိရောက်အောင် မူကြမ်းကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တည်ဆဲဥပဒေနှင့် ညီညွတ်ရန် လိုကြောင်း၊ ရေရှည်သွားရမည့် အဖွဲ့ အစည်းတစ်ခု အနေဖြင့် Principle များရှိရန်လိုကြောင်း၊ Donor နှင့်ပတ်သက်၍ မည်သို့သောSOP ကိုရေးဆွဲထားကြောင်း၊မည်သို့တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း၊ MSG ၏ Principle များ၊ SOP များအစည်းအဝေး guideline မှအစတဖြည်းဖြည်းနှင့်ပြည့်စုံစေရန် NCS အနေဖြင့် စဉ်းစား၍ ပြုလုပ်ရန်လိုအပ်ကြောင်း၊ NCS ၏ Audit Report အခြေအနေ ကိုလည်း တင်ပြခဲ့ပြီးဖြစ်ပြီး Corrective Action များ အတွက်လည်း Working Committee တွင် ဆွေးနွေး၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ SNU ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပြီး National Unit နှင့် SNU ကြားတွင်ပိုမိုချိတ်ဆက် နိုင်ရန်အတွက် MSG ၊ NCS တို့နှင့် ပေါင်းစပ်ညှိနှိုင်းသွားရမည်ဖြစ်ကြောင်း၊

၃။ နိဂုံးချုပ်အနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အပြန်အလှန် နားလည်မှုရှိရှိ ဆောင်ရွက်ကြရန်နှင့် ဘာပဲလုပ်လုပ်တည် ဆဲဥပဒေများနှင့်ညီအောင်အလေးထားဆောင်ရွက်

စေလိုကြောင်း၊ အစည်းအဝေးများတွင် အချိန်ကိုထိန်း၍ဆောင်ရွက်စေလိုကြောင်း၊ MSG အဆင့်တွင် မှတ်ချက်များ၊ အကြံပြုချက်များ ပေးခြင်းများကိုသာ ဆောင်ရွက်သင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

## (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၅) ရက်** **Online Meeting (Webex)**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | ထွက်ရှိပြီးသည့် ပထမအကြိမ် မှ ပဉ္စမအကြိမ် MEITI အစီရင်ခံစာများအား နှိုင်းယှဉ်ချက် (Analysis) ပြုလုပ်ရန် ကိစ္စအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးရန် | Technical and Reporting Sub-committee | |
| ၂ | (၆) ကြိမ်မြောက်အစီရင်ခံစာ Summary data အတွက် Timeline နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နောက်အပတ်အတွင်း ပြန်လည် အကြောင်းပြန်ရန်<br><br>(၆) ကြိမ်မြောက်အစီရင်ခံစာ Summary data အတွက် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးရန် | OAG<br><br>Technical and Reporting Sub-committee | |
| ၃ | ၂၀၂၁ ခုနှစ်၊ မတ်လနောက်ပိုင်း ထုတ်ပြန်မည့် (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ ပြုစုရေးအတွက် လိုအပ်သည့် ရန်ပုံငွေကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လိုအပ်ချက်များ၊ လက်ရှိအခြေအနေများအား စုစည်း၍ ဦးဆောင်ကော်မတီနှင့် နိုင်ငံတော်အဆင့်ဆင့်သို့ ဆက်လက် တင်ပြရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့တင်ပြရန် | NCS | |
| ၄ | ၂၀၂၁ ခုနှစ်၊ မတ်လနောက်ပိုင်း ထုတ်ပြန်မည့် (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ ပြုစုရေးအတွက် လိုအပ်သည့် ရန်ပုံငွေကိစ္စနှင့်ပတ်သက်၍ နောက်တစ်ကြိမ် Donor Consultation Group အစည်းအဝေးတွင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ဆွေးနွေးရန်နှင့် အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ်၊ | Donor Consultation Group | |

| | | | |
|---|---|---|---|
| | ဇွန်လ (၁၅) ရက်နေ့ နေ့လည် (၁း၀၀) တွင် Online ဖြင့် စီစဉ်ကျင်းပရန် | | |
| ၅ | Donors , Development Partners များနှင့်ပတ်သက်၍ Principals ဆိုင်ရာ အခေါ်အဝေါ်နှင့်အခန်းကဏ္ဍများအား NCS မှ ချိတ်ဆက်ညှိနှိုင်း၍ ပြုစုရန်<br>• MATA မှလည်း အကြံပြုချက်များပေးပို့မည်။ | NCS ၊ MATA | |
| ၆ | အစည်းအဝေးမကျင်းပဖြစ်သဖြင့် အသုံးမပြုသည့် ဘတ်ဂျက်များအား Online အစည်းအဝေးများအတွက် နည်းပညာ ဆိုင်ရာ ကိစ္စရပ်များအတွက် အသုံးပြုနိုင်ရန် အတွက် World Bank ၊ MOBD နှင့် NCS တို့ ညှိနှိုင်းဆောင်ရွက်ရန်<br>• လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတစ်ခု ကျင်းပ၍ အသေးစိတ် ဆွေးနွေး ရန် | World Bank ၊ MOBD နှင့် NCS | |
| ၇ | ပုလဲကဏ္ဍမှ မြန်မာတာဆာကီကုမ္ပဏီ၏ လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ ကန့်ကွက်စာအား MATA မှ ပေးပို့ရန် | MATA | |
| ၈ | Validation Corrective Actions များအား Timeline နှင့်အညီ ဖော်ပြဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ စာရေးသားပေးပို့ရန် | NCS | |
| ၉ | Contract Transparency နှင့်ပတ်သက်၍ သမ္မတရုံးအမိန့်ကြော်ငြာစာမူကြမ်းအား ဒုတိယအကြိမ် Contract Transparency အစည်းအဝေးတွင် အသေးစိတ်ဆက်လက် ဆွေးနွေးရန်နှင့် သမ္မတရုံးအမိန့်ကြော်ငြာစာမူကြမ်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တောင်းခံသည့်စာရင်း၌ သက်ဆိုင်ရာဝန်ကြီးဌာနများ အားထည့်သွင်းရန် | သက်ဆိုင်ရာဌာနဆိုင်ရာများ | |
| ၁၀ | IMF Proposal အား လက်ခံရန် CSO နှင့် ပုဂ္ဂလိကကဏ္ဍများမှ သဘောတူပြီး ကျန်ကဏ္ဍမှ မှတ်ချက်မရှိကြောင်းမှတ်တမ်းတင်သည်။ | MSG | |
| ၁၁ | Mining Policy နှင့် Mining Cadastre Agency ကိစ္စရပ်များအား MOREC ဝန်ကြီးသို့ Mining Cadastre Sub-committee လမ်းညွှန်ချက်အရ NCS မှ စာရေးသားမေးမြန်းရန် | Mining Cadastre Sub-committee, NCS | |
| ၁၂ | Mining Cadastre စီမံကိန်းသည် MEITI လုပ်ငန်းစဉ်အောက်တွင် ပါဝင်နေ သဖြင့် Mining Cadastre စီမံချက်တွင် ပါဝင်သည့် | MSG | |

| | | | |
|---|---|---|---|
| | လုပ်ငန်းစဉ်အကောင်အထည်ဖော်မှု၊ အစီရင်ခံတင်ပြခြင်း စသည့် မေးခွန်းများကို MOREC ဝန်ကြီးသို့ MSG အနေဖြင့် မေးမြန်းရန်<br>• မေးခွန်းများအား အရပ်ဘက်ကဏ္ဍနှင့် လုပ်ငန်းရှင် ကဏ္ဍတို့မှ စာကြမ်းပြုစု၍ MSG သို့ ဖြန့်ဝေ၍ သဘောထား မှတ်ချက် တောင်းခံရန် | MATA ၊ Private Sector | |
| ၁၃ | စစ်ကိုင်းတိုင်း SNU မှ တင်ပြချက်အား ဆက်လက်ဆောင်ရွက်ရန် | NCS | |
| ၁၄ | Online အစည်းအဝေးများ ကျင်းပရာ၌ လိုက်နာရမည့် အစည်းအဝေးကျင့်ဝတ်များအား ပြုစု၍ ဖြန့်ဝေရန် | NCS | |

**နောက်ဆက်တွဲ (၁) ။ ။ (၂၈) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး အစီအစဉ်**

၅-၆-၂၀၂၀ ရက် (သောကြာနေ့)၊ ၁၃း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ၊ Online Meeting via Webex

| | အချိန် | အကြောင်းအရာ | လုပ်ပုဂ္ဂိုလ်/အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ၁၃း၀၀ - ၁၃း၁၀<br>(၁၀ မိနစ်) | အဖွင့်အမှာစကားပြောကြားခြင်း | MSG ဥက္ကဋ္ဌ |
| ၂ | ၁၃း၁၀ - ၁၃း၂၀<br>(၁၀ မိနစ်) | အမှာစကားပြောကြားခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး |
| ၃ | ၁၃း၂၀ - ၁၃း၃၀<br>(၁၀ မိနစ်) | (၂၇) ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍တင်ပြခြင်း | NCS |
| ၄ | ၁၃း၃၀ - ၁၃း၄၅<br>(၁၅ မိနစ်) | • ပဉ္စမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာ ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ အနှစ်ချုပ်တင်ပြခြင်း<br>• ထွက်ရှိပြီးဖြစ်သော ပထမအကြိမ်မှ ပဉ္စမအကြိမ် MEITI အစီရင်ခံစာများအား နိုင်းယှဥ်ချက်ပြုစုရန်နှင့် ပတ်သက်၍ ဆွေးနွေးခြင်း | NCS, MSG |
| ၅ | ၁၃း၄၅- ၁၃း၅၅<br>(၁၀ မိနစ်) | Commodity Trading Report နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း | |
| ၆ | ၁၃း၅၅ - ၁၄း၀၅<br>(၁၀ မိနစ်) | (၆) ကြိမ်မြောက်အစီရင်ခံစာ (Uniliteral) ထုတ်ပြန်မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း | NCS, MSG |
| ၇ | ၁၄း၀၅ - ၁၄း၂၀<br>(၁၅ မိနစ်) | (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အစီရင်ခံစာ ထုတ်ပြန်မှုနှင့်ပတ်သက်၍ IA ToR ပြင်ဆင်ခြင်း၊ ဘဏ္ဍာငွေဆိုင်ရာ လိုအပ်ချက်၊ Timeline နှင့်ပတ်သက်၍ ဆွေးနွေးခြင်း | NCS, MSG |
| ၈ | ၁၄း၂၀ - ၁၄း၄၀<br>(၂၀ မိနစ်) | • MEITI Work Plan and Budget (3.5 million), MEITI Long Term Work Plan နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အချို့အတွက် ဖွံ့ဖြိုးရေးမိတ်ဘက်အဖွဲ့အစည်းများမှ ဘဏ္ဍာငွေထောက်ပံ့ထားမှု အခြေအနေအား ဆွေးနွေးတင်ပြခြင်း<br>• MDTF ပြင်ပအခြား Development Partner များမှ ဘဏ္ဍာငွေထောက်ပံ့ရယူခြင်းအတွက် Procurement Procedure များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း | NCS, MSG |
| ၉ | ၁၄း၄၀ - ၁၄း၅၀<br>(၁၀ မိနစ်) | NCS နှင့်ပတ်သက်သည့် စာရင်းစစ်အစီရင်ခံစာနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများအား ဆွေးနွေးတင်ပြခြင်း | NCS, MSG |
| ၁၀ | ၁၄း၅၀ - ၁၅း၀၀<br>(၁၀ မိနစ်) | ပုလဲကဏ္ဍမှ မြန်မာတာဆာကီကုမ္ပဏီ၏ လုပ်ဆောင်နေမှုများ နှင့်ပတ်သက်၍ ဆွေးနွေးခြင်း | MATA |

| | | | |
|---|---|---|---|
| ၁၁ | ၁၅း၀၀ - ၁၅း၂၀<br>(၂၀ မိနစ်) | Validation လုပ်ငန်းစဉ်နှင့်ပတ်သက်သော Corrective Action (၁၂) ချက်နှင့်ပတ်သက်၍ဆောင်ရွက်ထားရှိမှုအားဆွေးနွေးခြင်း | NCS, MSG |
| ၁၂ | ၁၅း၂၀ - ၁၅း၃၅<br>(၁၅ မိနစ်) | Contract Transparency လုပ်ငန်းစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ တင်ပြခြင်းဆွေးနွေးခြင်း<br>• နောက်ဆုံးအခြေအနေအား တင်ပြဆွေးနွေးခြင်း<br>• သမ္မတရုံးအမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးခြင်း | NCS, MSG |
| ၁၃ | ၁၅း၃၅ - ၁၅း၅၅<br>(၂၀ မိနစ်) | • ဒုတိယအကြိမ် BO အချက်အလက်များ ဖွင့်ဟဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် များအား တင်ပြခြင်း<br>• MSG ထံသို့တင်ပြသဘောထားမှတ်ချက် တောင်းခံထားသော BO Phase II Web Developer ကိစ္စရပ်နှင့် ပတ်သက်၍ ဆွေးနွေးခြင်း<br>• IMF Proposal ကိစ္စရပ်နှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း | NCS, MSG |
| ၁၄ | ၁၅း၅၅ - ၁၆း၀၅<br>(၁၀ မိနစ်) | Organizational Structure Development Consultant ငှားရမ်းမှုနှင့်ပတ်သက်၍တင်ပြခြင်း | NCS |
| ၁၅ | ၁၆း၀၅ - ၁၆း၁၅<br>(၁၀ မိနစ်) | Mining Cadastere လုပ်ငန်းစဉ်နောက်ဆုံးအခြေအနေအား တင်ပြခြင်း | NCS |
| ၁၆ | ၁၆း၁၅ - ၁၆း၄၅<br>(၃၀ မိနစ်) | ဖွဲ့စည်းပြီးဖြစ်သော SNU (၆) ခုမှ နာယကများက လုပ်ငန်းစဉ်ဆောင်ရွက်ချက်အနှစ်ချုပ်အားတင်ပြခြင်း | SNU |
| ၁၇ | ၁၆း၄၅ - ၁၆း၅၅<br>(၁၀ မိနစ်) | အထွေထွေဆွေးနွေးခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များ တင်ပြခြင်း | |
| ၁၈ | ၁၆း၅၅ - ၁၇း၀၀<br>(၅ မိနစ်) | နိဂုံးချုပ်စကားပြောကြားခြင်း | MSG Chair |

နောက်ဆက်တွဲ (၂)    ။    ။    (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့
အစည်းအဝေး တက်ရောက်သူများစာရင်း (၅-၆-၂၀၂၀) (စုစုပေါင်း ၇၅ ဦး၊ ကျား - ၄၅ ဦး ၊ မ - ၃၀ ဦး)

| စဉ် | အမည် | ဌာန/အဖွဲ့အစည်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| **Chair Persons** | | | | |
| ၁ | ဦးမောင်မောင်ဝင်း | Deputy Minister, MOFPI | ဥက္ကဋ္ဌ | |
| ၂ | ဦးခင်လတ်ကြီး | DG, DOM, MONREC | ဒုတိယဥက္ကဋ္ဌ | |
| **အစိုးရကဏ္ဍကိုယ်စားလှယ်များ** | | | | |
| ၃ | ဦးသန်းဇော် | DG, OGPD | MSG Member | |
| ၄ | ဦးကျော်သက် | DDG, DOM | MSG Member | |
| ၄ | ဦးသက်ခိုင် | AGM, MGE | Alternate | |
| ၆ | ဦးဝင်းအောင်ညို | Director, IRD | MSG Member | |
| ၇ | ဒေါ်လှလှကျိန် | Director, OAG | MSG Member | |
| ၈ | ဦးခင်မောင်ကြည် | DGM, MTE | MSG Member | |
| **လုပ်ငန်းရှင်ကဏ္ဍကိုယ်စားလှယ်များ** | | | | |
| ၉ | ဦးခင်မောင်ဟန် | Chair, MFMA | MSG Member | |
| ၁၀ | ဦးကျော်ထက်စိုး | Myanmar Yangse | Alternate | |
| ၁၁ | ဦးဇော်ဘိုခန့် | Vice Chair, MGJEA | MSG Member | |
| ၁၂ | ဦးစိုးဇော် | Chair, MFPTMA | MSG Member | |
| ၁၃ | ဒေါ်မေသက်စုဦး | PSC and Partner Reporting Officer, TOTAL | Alternate | |
| ၁၄ | ဦးမျိုးဇော်ဦး | Director for Governance & Public Affairs, MPRL | MSG Member | |
| **အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်များ** | | | | |
| ၁၅ | ဦးကျော်သူ | MATA | MSG Member | |
| ၁၆ | ဒေါ်မိုးမိုးထွန်း | MATA | MSG Member | |
| ၁၇ | ဦးရဲလင်းမြင့် | MATA | MSG Member | |
| ၁၈ | ဦးနိုင်လင်းထွဋ် | MATA | MSG Member | |
| ၁၉ | ဦးသန့်ဇင် | MATA | MSG Member | |
| **တိုင်း/ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU)** | | | | |
| ၂၀ | ဦးမျိုးသစ် | Minister, Natural Resources and | နာယက၊ မန္တလေး SNU | |

| | | | | |
|---|---|---|---|---|
| | | Environmental Conservation, Mandalay | | |
| ၂၁ | ဒေါက်တာညီညီအောင် | Minister, Natural Resources and Environmental Conservation, Shan State | နာယက၊ ရှမ်းပြည်နယ် SNU | |
| ၂၂ | ဦးငွေလင်း | Sagaing SNU | CSO Secretary | |
| ၂၃ | ဦးသန့်ဇင်ဦး | Sagaing SNU | Alternate | |
| ၂၄ | ဦးထွန်းထွန်းလင်း | Sagaing SNU | Government Office | |
| ၂၅ | ဦးကျော်ကျော်လွင် | Director, DOM, Tanintharyi | Member | |
| ၂၆ | ဦးသန်းထွဋ် | Tanintharyi SNU | Secretary | |
| ၂၇ | ဦးစံငွေ | Tanintharyi SNU | CSO Secretary | |
| ၂၈ | ဦးစောယု | Director, DOM, Kachin | Secretary | |
| ၂၉ | ဦးစိုင်းအုန်းရွှေ | Secretary, Kachin Mining Association | Private sector secretary | |
| ၃၀ | ဒေါ်မီမီသိန်း | Shan SNU | CSO Secretary | |
| ၃၁ | ဦးပီတာမျိုးအောင် | Director, CHAD | CSO Secretary | |
| **MOBD နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ** | | | | |
| ၃၂ | ဒေါ်ခင်ခင်လွင် | Director ၊ MOBD | | |
| ၃၃ | ဒေါ်ခင်ပပခိုင် | DD ၊ MOBD | | |
| ၃၄ | ဒေါ်သီရိဆွေ | DD ၊ MOBD | | |
| ၃၅ | ဒေါ်သင်းသင်းအောင် | AD ၊ MOBD | | |
| ၃၆ | ဒေါ်မြမြင့်သန်း | AD ၊ MOBD | | |
| ၃၇ | ဦးမြင့်သူ | GM ၊ MPE | | |
| ၃၈ | ဒေါ်ဝင်းဝင်းကြူ | DD OGPD | | |
| ၃၉ | ဦးရွှေဝင်း | AGM ၊ MGE | | |
| ၄၀ | ဒေါ်ကြူကြူဝင်း | AGM ၊ MGE | | |
| ၄၁ | ဦးကျော်ဇော်ထွန်း | AD ၊ DOM | | |
| ၄၂ | ဒေါ်တင်တင်စိုး | AM ၊ MGE | | |
| ၄၃ | ဒေါ်ဆွေဆွေအောင် | AM ၊ MGE | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | | |
|---|---|---|---|---|
| ၄၄ | ဒေါ်ဖြူဖြူခင် | Accountant -1 , MGE | | |
| ၄၅ | ဒေါ်လေးလေးသန့် | Accountant -1 , MGE | | |
| ၄၆ | ဒေါ်ကျော့စုသိန်း | Gems Evaluator, MGE | | |
| ၄၇ | ဒေါ်နန်းဖြူဖြူခိုင် | Supervisor (Computer, MGE) | | |
| | **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ** | | | |
| ၄၈ | ဒေါ်သင်ဇာထွန်း | Consultant, World Bank | | |
| ၄၉ | ဒေါ်သီသီဟန် | Consultant, World Bank | | |
| ၅၀ | ဒေါ်ယုယုနိုင် | DFID | | |
| ၅၁ | ဒေါ်ရွှေဇင်လှိုင်း | DFAT | | |
| ၅၂ | ဒေါ်ခင်စောဌေး | Forest Trend | | |
| ၅၃ | ဒေါ်ခင်သန္တာမြင့် | Oxfam | | |
| ၅၄ | ဦးမျိုးသူ | Oxfam | | |
| ၅၅ | ဒေါ်ရှုအိအိထွန်း | Nathan | | |
| ၅၆ | ဒေါ်တာရာမောင် | Nathan | | |
| ၅၇ | ဦးမော်ထွန်းအောင် | NRGI | | |
| ၅၈ | ဒေါ်အေးကြည်သာဆွေ | NRGI | | |
| ၅၉ | Hosana Chay | NRGI | | |
| ၆၀ | ဒေါ် July Seng Hkawn | Program Manager, MATA | | |
| ၆၁ | ဦးထူးအောင် | PC, MATA | | |
| ၆၂ | ဦးဘုန်းပြည့်ကြွယ် | PC, MATA | | |
| | **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး** | | | |
| ၆၃ | ဦးစိုးဝင်း | National Coordinator | | |
| ၆၄ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | | |
| ၆၅ | ဦးထွန်းပေါ်ဦး | Technical Specialist | | |
| ၆၆ | ဦးကျော်သင်းမောင် | Program Assistant | | |
| ၆၇ | ဦးနေမင်းမောင် | Technical Coordinator | | |
| ၆၈ | ဦးဟိန်းထက်စိုး | Technical Officer | | |
| ၆၉ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | | |
| ၇၀ | ဦးဇင်ကိုကိုအောင် | Communication Officer | | |

| | | | | |
|---|---|---|---|---|
| ၇၁ | ဒေါ်လွဲ့လွဲ့ဝင်းမော် | Finance Officer | | |
| ၇၂ | ဦးဖွဲ့စည်သူအောင် | BO Coordinator | | |
| ၇၃ | ဦးစိုးသီဟနိုင် | Admin Officer | | |
| ၇၄ | ဦးတက်ထွန်းဆိုင် | Admin Assistant | | |
| ၇၅ | ဦးမောင်မောင်မြင့်လွင် | IT Technician | | |